# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ တနင်္လာနေ့ (24-11-2014) (၈၀၃၄)


## အေးစေမြဲစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်ကြီး

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗုဒ္ဓတက္ကသိုလ်ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို

**နေပြည်တော် နိုဝင်ဘာ ၂၃**

တောင်ကြီးမြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ဗောဓိတောင်ကုန်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ဗုဒ္ဓတက္ကသိုလ်ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ဇနီးတို့က ရတနာကြုတ်တော်၊ ရတနာအုတ်မြစ်တော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ဒေါက်တာပညာနန္ဒထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးများ၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တိုင်းမှူးဗိုလ်မှူးချုပ်အေးဝင်း၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် စေတနာရှင်ပြည်သူများက ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယနေ့အခမ်းအနားတွင် စေတနာရှင်ပြည်သူများက ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ စုစုပေါင်း အလှူငွေ ကျပ်သိန်းပေါင်း ၁၃၉၈၅ ကျော် လက်ခံရရှိကြောင်း သိရသည်။

ယင်းနောက် ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာကြုတ်တော်နှင့် ရတနာအုတ်မြစ်တော်များကို ပင့်ဆောင်၍ မင်္ဂလာအချိန်၌ သတ်မှတ်နေရာများအလိုက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရတနာအုတ်မြစ်တော်များ စီသွင်းပေးစဉ်။ (သတင်းစဉ်)

# တောင်ကြီးမြို့နေပြည်သူများအား အကျိုးပြုနေသော သဘာဝရေထွက်ရေကန်များ



တောင်ကြီးမြို့အား သောက်သုံးရေထောက်ပံ့ပေးနေသော ထီသိမ်ရေလှောင်ကန်ကို တွေ့ရစဉ်။

**သတင်းမှတ်စု - စိုးစိုးနိုင်(ကြေးမုံ) ❖ ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)**

တောင်ကြီးမြို့သို့ ရောက်ရှိစဉ်က မြို့အနှံ့ နေရာစုံအောင်လည်ပတ်ကြည့်ရှုသည့်အခါ သဘာဝအတိုင်းဖြစ်တည်နေသော ရေအရင်းအမြစ်များကို တွေ့မြင်ခဲ့ရသည်။ တောင်ကြီးမြို့သည် အေးချမ်းသာယာပြီး တောတောင်ရေမြေ သဘာဝစိမ့်စမ်းများ ပေါကြွယ်လှသည့်အပြင် ရေဝေရေလဲများ၊ ရေကန်များနှင့် ရေထိန်းကန်များလည်းရှိပေသည်။ ဒေသတိုင်း နေရာတိုင်းတွင် မတွေ့ရသည့် သဘာဝရေထွက်များ ပိုင်ဆိုင်ထားသော တောင်ပေါ်မြို့လေးဖြစ်သည်။ အဆိုပါ ရေထွက်များမှရေများကို ရေလှောင်ကန်များဖြင့် သိုလှောင်ထိန်းသိမ်းပြီး ဒေသနေပြည်သူများအား ရေဖြန့်ဝေပေးနေပုံကိုလည်း တွေ့မြင်ရပေသည်။

တောင်ကြီးမြို့တွင် ရေထွက်ရေကန် ၁၀ ခုရှိပြီး ထီသိမ်ရေလှောင်ကန်၊ ထီသိမ်(ရှုရှား)ရေကူရေလှောင်တမံ၊ ထီသိမ်ကျောက်တန်းရေထွက်၊ ပါမိုးနဲရေထွက်၊ ရေထွက်ဦးရေထွက်၊ တောင်ကျောင်းကြီးရေထွက်နှင့် ဂနိုင်မိုးရေလှောင်ကန်တို့မှ ရေပေးဝေမှုဆောင်ရွက်လျက်ရှိပြီး နားယောင်း၊ ဆင်နှစ်ကောင်၊ ရန်ကင်းတောင်ရေထွက်ကန်တို့မှလည်း တိုးချဲ့ပြီး ရေပေးဝေလျက်ရှိကြောင်း သိရသည်။

ထီသိမ်ရေလှောင်ကန်သည် တောင်ကြီးမြို့အရှေ့မြောက်ဘက် ပန်းတင်ကျေးရွာအုပ်စု ထီသိမ်ရွာတွင်တည်ရှိပြီး ရေဂါလန် ၁၄၅ သန်း သိုလှောင်ထားနိုင်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳







အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် ၂၄-၁၁-၂၀၁၄၊ တနင်္လာနေ့

# လက်တွဲညီညီချီတက်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအပေါင်းတို့သည် တစ်မြေတည်းနေ တစ်ရေတည်းသောက်၍ တစ်အူထုံ့ဆင်း ညီအစ်ကိုမောင်နှမရင်းများကဲ့သို့ အတူတကွစုပေါင်းနေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီကြာရှည်ခဲ့ပြီဖြစ်သည်။

ထိုသို့စုပေါင်းနေထိုင်ကြရာတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရှိပြီး လူမျိုးတစ်မျိုးချင်းအလိုက် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကိုယ်စီရှိကြသည်။ ထိုယဉ်ကျေးမှုဓလေ့ထုံးစံများကို အမြတ်တနိုးတန်ဖိုးထားကြသည်။ တိုင်းရင်းသားလူမျိုးများအားလုံး ယဉ်ကျေးမှုဓလေ့ထုံးစံများသည် ရေမြေအလိုက် ခြားနားကြသော်လည်း တစ်မျိုးနှင့်တစ်မျိုး မကွဲပြားဘဲ နီးစပ်ဆင်တူသည်မှာ တစ်ပြည်ထောင်ဖွားများဖြစ်ကြသောကြောင့် ပေတည်း။

ထိုယဉ်ကျေးမှုဓလေ့ထုံးစံအထိမ်းအမှတ်အခမ်းအနားများကို တိုင်းရင်းသားလူမျိုးအလိုက် သတ်မှတ်ထားသောနေ့ရက်များတွင် ပျော်ရွှင်နှစ်လိုဖွယ်တခမ်းတနား ကျင်းပလေ့ရှိသည်။ မကြာသေးမီရက်ပိုင်းအတွင်းက ရှမ်းနှစ်သစ်ကူးပွဲတော်ကြီးကို ရှမ်းပြည်နယ် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ရှမ်းတိုင်းရင်းသားတို့၏ ကိန္နရီ ကိန္နရာ၊ တိုးနယားအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ရှမ်းပြည်နယ်အပါဝင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နှစ်ရှည်လများ အတူယှဉ်တွဲနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုအားလုံးအတွက် ဝမ်းမြောက်ဖွယ် နေ့တစ်နေ့ဟု ဆိုရမည်ဖြစ်သည်။

အဆိုပါနှစ်သစ်ကူးပွဲတော်ကြီးတွင် အဆိုအကနှင့် ပျော်ရွှင်စွာတီးမှုတ်ကခုန်မှုများနှင့်အတူ သီးနှံမျိုးစေ့ပြခန်း၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုပြခန်း၊ ရှမ်းအမျိုးသားသမိုင်းနှင့် ယဉ်ကျေးမှုပြခန်းများပါ ခင်းကျင်းပြသထားသဖြင့် တိုင်းရင်းသားများအားလုံး အားရနှစ်သက်ကြပေလိမ့်မည်။ အလားတူ အခြားတိုင်းရင်းသားလူမျိုးစုများလည်း သူ့နေ့၊ သူ့ရက် သူ့နေရာနှင့်သူ သိုက်သိုက်ဝန်းဝန်းကျင်းပကြလိမ့်ဦးမည် ဖြစ်သည်။

ယခင်က တိုင်းရင်းသားများ၏ယဉ်ကျေးမှုဓလေ့ထုံးစံပွဲလမ်းသဘင်များကို သူ့နည်းသူဟန် သူ့အင်အားဖြင့် ကျင်းပခဲ့ကြသည်။ အစဉ်အလာမပျက်မဖြစ်ဖြစ်အောင် ကျင်းပကြသည်။ ယခုနိုင်ငံတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများ၏ဆန္ဒအရ တိုင်းရင်းသားပြည်သူများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ချီးမြှောက်ပေးလာသဖြင့် ပိုမိုပေါ်လွင်ထင်ရှားလာကာ ပြည်သူများအားလုံး ဝမ်းမြောက်ပီတိဖြစ်ကြပေလိမ့်မည်။

ထို့အပြင် တိုင်းရင်းသားဘာသာနှင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကိုပါ ထုတ်ဝေခွင့်ရနေကြပြီဖြစ်သည်။ နိုင်ငံတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒို့တာဝန်အရေးသုံးပါးကို မဆန့်ကျင်၊ မထိခိုက်လျှင် လွတ်လပ်စွာဆောင်ရွက်ခွင့်လည်းပေးထားပြီးဖြစ်သည်။

တိုင်းရင်းသားလူမျိုးများစုပေါင်းနေထိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ခြားနားသော ဓလေ့စရိုက်လက္ခဏာများနှင့် ထူးခြားသည့် ဝိသေသများရှိနေခြင်းသည် ကွဲပြားသောလူမျိုးရေးဟု မမှတ်ယူသင့်ဘဲ ပြည်ထောင်စုသား တိုင်းရင်းသားများအားလုံး၏ တူညီသောကိုယ်ပိုင်အခွင့်အရေးများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ပြည်ထောင်စုအတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးတစ်မျိုးစီတွင် ကိုယ်ပိုင်ထူးခြားသည့် ဝိသေသလက္ခဏာများနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုတို့ကို ဖော်ထုတ်ပြသနိုင်ခြင်းသည် အဆိုပါတိုင်းရင်းသားတို့၏ အားမာန်ကို ပြသခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးအားလုံး၏ အားမာန်များကို စုပေါင်းလိုက်လျှင် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အားမာန်များ၊ ဂုဏ်ရည်များ ဖြစ်လာပေလိမ့်မည်။

ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကာလတွင် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများကို မြှင့်တင်အားပေးနေမှုများနှင့်အတူ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များအား ပြန်လည်ချီးမြှောက်ပေးနေပေသည်။ ယင်းမှပေါ်ထွက်လာသည့် ပြည်ထောင်စု၏အားမာန်များဖြင့် တိုင်းရင်းသားလူမျိုးများ တစုတစည်းတည်း စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် လက်တွဲညီညီ ဆက်လက်ချီတက်ကြရမည်ဖြစ်ပါသည်။ ။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၃**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြုညီလာခံဥက္ကဋ္ဌ H.E. Prof. Pornpetch Wichitcholchai ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ထွက်ခွာသွားကြသည်။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ လွှတ်တော်ရေးရာကော်မတီဝင်များဖြစ်သော ဦးဂမ်ဆိုင်း၊ ဦးစိုင်းသာစိန်၊ ဦးခမ်ဆွင်းမုန်၊ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင် ဦးစန်းလွင်၊ ဦးကိုကိုမောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများလိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

# ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပ

**ပန်းတနော် နိုဝင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် မရမ်းကျေးရွာ ဘုရားငူ-တလပန်းကျေးရွာနှင့် ရွာသစ်ကုန်း-ဂျို့ချောင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်က မရမ်းကျေးရွာနှင့် ဘုရားငူ-တလပန်းကျေးရွာများ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်မိသားစု၏ စီစဉ်ဆောင်ရွက်မှုဖြင့်ကျင်းပခြင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး တက်ရောက်အမှာစကားပြောကြားကာ ၁၆၀ ကေဗွီအေ ထရန်စဖော်မာမှ ကျေးရွာရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသည့် နေအိမ်များသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးခဲ့သည်။

ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင့်မြင့်စေရေး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများတိုးတက်ဖြစ်ထွန်းလာစေရေး၊ အနာဂတ်လူငယ်များ ပညာရေးအဆင့်အတန်းမြင့်မားလာစေရေး၊ စာရိတ္တပိုင်းတိုးတက်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် လျှပ်စစ်ဓာတ်အားကို ကျေးရွာနေပြည်သူများ ကိုယ့်အားကိုယ်ကိုးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**


MYANMAR'S LAND

Fuel Myanmar with Positive Energy

"We must work together, we must build our Nation"

ဒီမိုကရေစီခေတ်သစ်မှာ သင့်ရဲ့ကုမ္ပဏီ အဖွဲ့အစည်း များကို နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်ဖို့၊ နိုင်ငံတကာမှ ဝင်ရောက်လာသည့် Multinational Companies ကြီးများနှင့်အပြိုင် ဆောင်ရွက်လုပ်ကိုင်နိုင်ဖို့ Myanmar's Land နဲ့ ဆက်သွယ်လိုက်ပါ။

သင်တန်းများအားလုံးကို ဆရာ **လင်းသိုက်ညွန့် (မြန်မာ့မြေ)** (CEO, Myanmar's Land Institute) ကိုယ်တိုင် ဦးဆောင်သင်ကြားပေးပါမည်။



Lynn Thaik Nyunt

www.lynnthaiknyunt.com

For more information please visit

- World Class Executive Education
- Success and Motivation
- Sales and Marketing
- Human Resource Management
- Leadership

ကုမ္ပဏီ အဖွဲ့အစည်းများအတွက် Corporate Training များ စီစဉ်သင်ကြားပို့ချပေးနေပါပြီ။

Campus 1 - 209 (B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus 2 - Taw Win Centre (3rd Floor)

Can Contact : 548500, 095010014, 098628594, 0943121060, 0932350785 Fax : 548500 website : www.lynnthaiknyunt.com E-mail : sssttt@myanmar.com.mm





ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့၌ အကောင်အထည်ဖော်လျက်ရှိသည့် ပြည်သူ့ဝန်ထမ်းတန်ဖိုးမျှအိမ်ရာစီမံကိန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**☆ ဒုတိယသမ္မတမှ**

ရတနာအုတ်မြစ်တော်များ စီသွင်းပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် လားရှိုးမြို့သို့ရောက်ရှိပြီး ထင်းရှူးမြိုင်မြို့ ကွက်သစ်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဝန်ထမ်းတန်ဖိုးမျှအိမ်ရာစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ လားရှိုးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်မိုးက စီမံကိန်းတည်နေရာအကျယ်အဝန်း၊ မြေကြီးလုပ်ငန်း၊ လမ်းလုပ်ငန်းများ၊ အဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ ရေရရှိရေးနှင့်လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မည့်အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းပြီး စီမံကိန်းသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ အဆောက်အအုံများဆောက်လုပ်ရာတွင် နေထိုင်မည့်သူများ ကျန်းမာရေးအတွက် အထောက်အကူပြုစေမည့် အားကစားလုပ်နိုင်ရန်နှင့် လေဝင်လေထွက်ကောင်းမွန်ပြီး နေအလင်းရောင်သင့်တင့်မျှတစွာရရှိရေး စီစဉ်ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားကာ အဆောက်အအုံနမူနာပုံစံငယ်နှင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဇေယျမင်္ဂလာတာပုံကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော် ဦးနန္ဒသီရိအမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခဲ့သည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် လားရှိုးမြို့ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည့် ရှမ်းနှစ်သစ်ကူးနေ့ သက်ကြီးပူဇော်ပွဲ၌ သက်ကြီးဘိုးဘွားများအား ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ရှိခိုးကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် ကန်တော့ခံ သက်ကြီးဘိုးဘွားများက ဆုတောင်းမေတ္တာပြန်လည်ပို့သကြသည်။

ယင်းနောက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦးအားလည်းကောင်း၊ ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုန်က ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦးအား လည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများက လေးဘာသာဂုဏ်ထူးရှင်၊ သုံးဘာသာဂုဏ်ထူးရှင်၊ နှစ်ဘာသာဂုဏ်ထူးရှင်၊ တစ်ဘာသာဂုဏ်ထူးရှင်များနှင့် ရိုးရိုးအောင်မြင်သူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် စိုင်းဟိန်းထက်အောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)မှ သံစိမ်းထုတ်လုပ်ငန်းစီမံကိန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့သွားရောက်၍ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက ပင်းပက်စီမံကိန်းအတွက် ရုရှားအစိုးရမှ ယူရို ၈၅ သန်းစိုက်ထုတ်ပြီး ထောက်ပံ့ကူညီသွားမည်ဖြစ်ရာစီမံကိန်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာတွင် ပြီးစီးနိုင်ရေး သဘောတူညီချက်ရရှိပြီး နှစ်ဦးနှစ်ဖက်ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ရုရှားပညာရှင် ၁၅၀ ခန့် လာရောက်မည်ဖြစ်ကြောင်း၊ ပင်းပက်စီမံကိန်းသည် နိုင်ငံတော်မှ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲသည်မှာမှန်သော်လည်း နိုင်ငံတော်အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သံကိုမနိုင်ဘဲ စက်မှုဖွံ့ဖြိုးသော နိုင်ငံမဖြစ်နိုင်ကြောင်း၊ သံကို နည်းစနစ်တကျထုတ်လုပ်နိုင်ရန် မိမိနည်းပညာဖြင့် မလုံလောက်သဖြင့် နိုင်ငံခြားနည်းပညာအကူအညီရယူရခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွက် အဓိကကျသည့် သံစိမ်းထုတ်လုပ်သည့် လုပ်ငန်းကို ပြီးမြောက်အောင်မြင်အောင် ဝန်ထမ်းများအားလုံးက ကြိုးပမ်းသွားကြရန် မှာကြားပြီး သံသတ္တုရိုင်းများ ပထမအဆင့် ကြိတ်ခွဲသန့်စင်ခြင်း အလုပ်ရုံတည်ဆောက်ပြီးစီးမှု၊ သံသတ္တုရိုင်းများ အချောသပ် ကြိတ်ခွဲသန့်စင်ခြင်းစက်များ စမ်းသပ်လည်ပတ်နေမှု၊ သံစိမ်းထုတ်လုပ်မည့် အဓိကအလုပ်ရုံများနှင့် Main Step Down Substation နှင့် Heat Recovery Power Station တို့ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ပင်းပက်သံမဏိစက်ရုံသည် သဘာဝသယံဇာတများကို ရယူသုံးစွဲမည့် လုပ်ငန်းတစ်ခုဖြစ်သော်လည်း မြင်းခြံသံမဏိစက်ရုံအတွက် မရှိမဖြစ်လိုအပ်သောစက်ရုံတစ်ခုဖြစ်ကာ Romelt နည်းပညာဖြင့် ထုတ်လုပ်သည့် သံစိမ်းတစ်တန် တန်ဖိုးသည် ၃၇၀၀၀၀ ကျပ်ဖြစ်ပြီး သံမဏိထုတ်လုပ်ပါက သံမဏိတစ်တန် တန်ဖိုးသည် ဒေါ်လာ ၆၀၀ ထက်မပိုနိုင်ကြောင်းနှင့် ၂၀၁၅ခုနှစ် အောက်တိုဘာတွင် စီမံကိန်းလုပ်ငန်းများအားလုံးပြီးစီးနိုင်ရေး ရုရှားပညာရှင်များနှင့် ပူးပေါင်းဆောက်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းပြီးစီးသွားပါက တစ်နှစ်လျှင် သံစိမ်းတန်ချိန် ၂၀၀၀၀၀ Direct Reducation Plant တွင်အသုံးပြုနိုင်သည့် Hematite သံသတ္တုရိုင်းတန်ချိန် ၄၅၀၀၀၀၊ ဘိလပ်မြေ ထုတ်လုပ်ရာတွင် လိုအပ်သည့် ဂေါဒန်ကျောက်များအား အစားထိုးအသုံးပြုနိုင်သည့် Granulated Slag တန်ချိန်၂၀၈၀၀၀နှင့် သံရည်ကျိုမီးဖိုမှထွက်သည့် စွန့်ပစ်အပူဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၂၄ ကီလိုဝပ်နာရီသန်းပေါင်းတို့ကို ထုတ်လုပ်သွားနိုင်မည်ဖြစ်ပြီး သံရိုင်းမှ သံစိမ်းအဖြစ်ထုတ်လုပ်သည့် နည်းစဉ်များတွင် Romelt Process သည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနည်းပါးကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာများကိုလည်း စက်ရုံအနေဖြင့် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**








# အာရပ်နွေဦးအလွန် သမ္မတရွေးကောက်ပွဲ တူနီးရှားတွင် ပထမဆုံးအကြိမ်ကျင်းပ

**တူးနစ် နိုဝင်ဘာ ၂၃**

တူနီးရှားနိုင်ငံတွင် အာရပ်နွေဦး ပုန်ကန်ထကြွမှုများ ဖြစ်ပွားခဲ့ပြီးနောက် ပထမဆုံးအကြိမ် သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပသည်။

တူနီးရှား သမ္မတရာထူးနေရာအတွက် ကိုယ်စားလှယ်လောင်း ၂၅ ဦးကျော် ပါဝင်ယှဉ်ပြိုင်ကြပြီး ၎င်းတို့ထဲတွင် လက်ရှိတူနီးရှားအစိုးရအဖွဲ့၌ တာဝန်ထမ်းဆောင်နေသူ မိုဆက်မာဇိုယူကီနှင့် အစ္စလာမ့်စ်ဝါဒီ ဆန့်ကျင်ရေးအဖွဲ့ ခေါင်းဆောင် ကီဂျီဆာ အစ်အက်ဘီဘီတို့မှာ လူကြိုက်အများဆုံးဖြစ်သည်။

တူနီးရှားနိုင်ငံ၌ တော်လှန်ရေးအသွင်ဆောင်သည့် ဆန္ဒပြပွဲများဖြစ်ပွားခဲ့ပြီး အာဏာရှင် ကင်အလီအား ရာထူးမှ ဖြုတ်ချအပြီးတွင် သမ္မတရာထူးကို ရွေးချယ်တင်မြှောက်ခြင်း ဖြစ်သည်။

တူနီးရှားနိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲများကို ယခုနှစ် အောက်တိုဘာလအတွင်း၌ ကျင်းပခဲ့ပြီးဖြစ်သည်။

နိုဝင်ဘာ ၂၃ ရက်တွင် တူနီးရှားနိုင်ငံ၏ ပြည်သူများက သမ္မတတစ်ဦးအား တိုက်ရိုက်ရွေးချယ်တင်မြှောက်နိုင်ရန် မဲရုံများကို ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဖွင့်လှစ်ခဲ့သည်။တူနီးရှားနိုင်ငံမှ အာဏာရှင် ကင်အလီအား ဖယ်ရှားအပြီး ပြုလုပ်သော သမ္မတရွေးကောက်ပွဲလည်း ဖြစ်သည်။

**ဘီဘီစီ။**




**ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး ပိုစတာများရှေ့တွင် တူနီးရှားအမျိုးသမီးများကို တွေ့ရစဉ်။**



# ပြည်ပတပ်ဖွဲ့များ ဆက်လက်တပ်စွဲနေထိုင်မှု အာဖဂန်ပါလီမန် သဘောတူ

**ကဘူး နိုဝင်ဘာ ၂၃**

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်ကုန်ဆုံးချိန်အထိ ကျော်လွန်ကာ ပြည်ပတပ်ဖွဲ့များ ဆက်လက်တပ်စွဲနေထိုင်ခြင်းကို ယင်းနိုင်ငံ၏ ပါလီမန်က သဘောတူလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်နှင့် နေတိုးတိုက်ခိုက်ရေးတပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းပြီးသည့်တိုင် အမေရိကန်တပ်ဖွဲ့ဝင် အများစုဖြစ်သော တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့် ဆက်လက်တပ်စွဲခွင့်ပြုရန် အာဖဂန်ပါလီမန်က သဘောတူလိုက်ပြီဖြစ်သည်။

အမေရိကန်နှင့်နေတိုး တပ်ဖွဲ့ဝင် အချို့ကို ဆက်လက်လက်ခံရန် အာဖဂန်ပါလီမန်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၁၅၂ မဲ၊ ကန့်ကွက်မဲ ငါးမဲရှိကြောင်း ပါလီမန်ဥက္ကဋ္ဌ အဗ္ဗဒူလ်ရာအူးလ် အီဘရာဟမ်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဆက်လက်ရှိနေမည့် နိုင်ငံခြားသားတပ်ဖွဲ့များသည် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးခြင်း၊ အကြံပေးခြင်းနှင့် အထောက်ကူပေးခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း သမ္မတပြောခွင့်ရပုဂ္ဂိုလ် ဆာလာဗိုင်းက ပြောကြားသည်။

အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင် ၁၂၀၀၀ အထိ ဆက်လက်တပ်စွဲခွင့်ပြုမည့် သဘောတူညီချက်နှစ်ရပ်ကို အာဖဂန်သမ္မတ အက်ရှ်ရက်ဖ်ဂါနီက စက်တင်ဘာ ၃၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ပါလီမန်၏ သဘောတူညီမှုရရှိမှသာ ယင်းသဘောတူညီချက်များ အာဏာသက်ဝင်လာမည်ဖြစ်သည်။ ယခင်သမ္မတ ဟာမစ်ကာဇိုင်းမှာမူ အဆိုပါသဘောတူညီချက်များကို လက်မှတ်ရေးထိုးရန် ငြင်းဆိုခဲ့သည်။

**ပီတီအိုင်။**

# လေယာဉ်အခြေစိုက်စခန်းအား ဓာတ်ပုံရိုက်ခဲ့မှုကြောင့် တရုတ်လူငယ်တစ်ဦးဖမ်းဆီးခံရ

**ပေကျင်း နိုဝင်ဘာ ၂၃**

လေယာဉ်ထုတ်လုပ်ရေးအခြေစိုက်စခန်းတစ်ခုကို ဓာတ်ပုံရိုက်ကာ နိုင်ငံခြားသားတစ်ဦးအား ရောင်းချခဲ့သည့်အတွက် တရုတ်လူငယ်တစ်ဦးအား ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာက ပြောကြားသည်။

နိုင်ငံခြားမီဒီယာသမားများသည် နိုင်ငံ၏ကာကွယ်ရေးဆိုင်ရာအချက်အလက်များရရှိရန် နိုင်ငံအတွင်း အင်တာနက်အသုံးပြုသူ တရုတ်လူငယ်များကို အသုံးချနေကြကြောင်း သိရသည်။

၎င်းလူငယ်၏ မိသားစုနာမည်မှာ 'ကို' ဖြစ်ပြီး ၎င်းသည် တရားရုံးတွင် အမှုရင်ဆိုင်ရန် စောင့်ဆိုင်းနေကြောင်း နိုင်ငံပိုင်မီဒီယာ စီစီတီဗွီက စနေနေ့တွင်ပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းတစ်ခုမှ ဝန်ထမ်းတစ်ဦးဖြစ်သူ 'ကို' သည် ချင်းသောင်ရှိ စစ်ဘက်ဆိုင်ရာ လေဆိပ်တစ်ခုအတွင်းသို့ဝင်ရောက်ပြီး ဓာတ်ပုံများရိုက်ကာ ကာကွယ်ရေး ဆိုင်ရာ မဂ္ဂဇင်းတစ်ခု၏ အယ်ဒီတာတစ်ဦးထံ ငွေအမြောက်အမြားဖြင့် ရောင်းချခဲ့ကြောင်း စီစီတီဗွီကပြောကြားခဲ့သည်။

မကြာသေးမီက 'ကို' ကဲ့သို့သော တရုတ်လူငယ်အများအပြားသည် အင်တာနက်အသုံးပြုပြီး အလုပ်အကိုင်နှင့်မိတ်ဆွေအပေါင်းအသင်းများရရှိကာ နိုင်ငံခြားသူလျှိုထောက်လှမ်းရေးအေဂျင်စီများက ခိုင်းစေသော နိုင်ငံ၏ကာကွယ်ရေး လုပ်ဆောင်ချက်များအတွက် ထောက်လှမ်းမှုများ ပြုလုပ်ပေးရသည့်လုပ်ငန်းများကို လုပ်ဆောင်ပေးနေမှုများ အဆမတန်မြင့်တက်လာနေကြောင်း စီစီတီဗွီကပြောသည်။

ဩဂုတ်လတွင် နိုင်ငံခြားသားများထံ ထောက်လှမ်းရေးကိရိယာများ ရောင်းချခဲ့သော တရုတ်လူငယ်ဘွဲ့ရတစ်ဦးအား ဖမ်းဆီးခဲ့ပြီး မေလတွင် နိုင်ငံခြားစုံထောက်တစ်ဦးထံ နိုင်ငံ၏ အရေးကြီးသော စာရွက်စာတမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ ရောင်းစားခဲ့ခြင်းကြောင့် တရုတ်လူမျိုးတစ်ဦးအား တရားရုံးက ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ လျှို့ဝှက်ဥပဒေသည် လုပ်ငန်းဆိုင်ရာအချက်အလက်များမှအစ နိုင်ငံ့ခေါင်းဆောင်များ၏ မွေးနေ့ မွေးရက်များအထိတိုင် အကာအကွယ်ပြုကာ ထိန်းသိမ်းပေးထားသည်။ နိုင်ငံတော်လျှို့ဝှက်ချက်များ ပေါက်ကြားစေသော ပြစ်မှုကျူးလွန်သူတစ်ဦးသည် ထောင်ဒဏ်တစ်သက်တကျွန်းဖြစ်စေ (သို့) သေဒဏ်ဖြစ်စေ ချမှတ်ခံရနိုင်ကြောင်းသိရသည်။

**ရိုက်တာ။**

# အီဘိုလာတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်ရန် ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားတို့သဘောတူ

**ပေကျင်း နိုဝင်ဘာ ၂၃**

ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများက အီဘိုလာရောဂါနှင့်အခြားပြင်းထန်သော ကူးစက်ရောဂါများအတွက် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

ဂျပန်၊ တရုတ်နှင့်တောင်ကိုရီးယား သုံးနိုင်ငံဆက်ဆံရေး တင်းမာနေချိန်တွင် အပြုသဘောဆောင်သော သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ပေကျင်း၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းသုံးနိုင်ငံသည် အီဘိုလာရောဂါနှင့် အခြားကူးစက်ရောဂါများအတွက် ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်ကို သက်ဆိုင်ရာသုံးနိုင်ငံမှ ကျန်းမာရေးဝန်ကြီးများက သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ကျန်းမာရေးနှင့် ဆေးဝါးဆိုင်ရာ အရေးကိစ္စများပူးပေါင်းဆောင်ရွက်ရန် မိမိတို့ သုံးနိုင်ငံသဘောတူညီခဲ့ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီး ယာဘူဟီဆာရှီဇာကီက သတင်းထောက်များအား အစည်းအဝေးအပြီးတွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ အီဘိုလာရောဂါကြောင့် ဂီနီ၊ လိုင်ဘေးရီးယားနှင့် ဆီရာလီယွန်နိုင်ငံတို့မှ လူဦးရေ ၅၄၀၀ ခန့် သေဆုံးခဲ့ကြောင်းသိရသည်။

**ကျိုဒို။**



**ငလျင်လှုပ်ခတ်ပြီးနောက် လမ်းမပေါ်ထွက်နေသည့် ဒေသခံများကို တွေ့ရစဉ်။**

# တရုတ်နိုင်ငံတွင် အင်အားပြင်းငလျင်လှုပ် ငါးဦးသေ၊ ၅၄ ဦး ဒဏ်ရာရ

**ပေကျင်း နိုဝင်ဘာ ၂၃**

တရုတ်နိုင်ငံ အနောက်ပိုင်း တောင်ကုန်းတောင်တန်းထူထပ်သော လူဦးရေနည်းပါးသည့်ဒေသတွင် အင်အားပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် အနည်းဆုံး လူငါးဦးသေဆုံးသွားပြီး ၅၄ ဦးဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ လူများပြေးလွှားတိုးဝှေ့မှုကြောင့် ဒဏ်ရာရရှိသူများတွင် ကလေးငယ်သုံးဦးပါဝင်သည်ဟု ဆိုသည်။

အမေရိကန်ဘူမိလေ့လာရေးဌာနက စီချွမ်ပြည်နယ် ကန်ဒိုင်းစီရင်စုမှ မိုင် ၂၀ ဝန်းကျင်အကွာတွင် စနေနေ့က လှုပ်ခဲ့သည့် အဆိုပါငလျင်မှာ အင်အား ၅ ဒသမ ၉ ရှိသည်ဟုဆိုသော်လည်း တရုတ်မြေငလျင်တိုင်းတာရေးဌာနက ငလျင်ပြင်းအား ၆ ဒသမ ၃ ရှိသည်ဟု ဆိုသည်။

တနင်္ဂနွေနေ့ မွန်းလွဲပိုင်းအထိ လူတစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဂန်ဇီးစီရင်စုအစိုးရ၏ ထုတ်ပြန်ချက်အရသိရသည်။ အသက် ၇၀ ဝန်းကျင်ရှိ အမျိုးသမီးတစ်ဦးမှာ မှန်ပြတင်းပေါက်မှလိမ့်ကျပြီး သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ဂန်ဇီးပြည်သူ့ဆေးရုံမှ ဆရာဝန်တစ်ဦး၏ ပြောကြားချက်ကိုကိုးကား၍ ဆင်ဟွာသတင်းဌာနနှင့် စီစီတီဗွီရုပ်သံတို့က ထုတ်လွှင့်ခဲ့သည်။

ငလျင်လှုပ်ခတ်စဉ် တာဂွန်မြို့ရှိ မူလတန်းကျောင်းတစ်ကျောင်းတွင် လူများစုပြုံတိုးဝှေ့မှုကြောင့် ကလေးငယ် ၄၂ ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။ အိမ်အလုံး ၃၀ ပြိုကျပျက်စီးသွားခဲ့ပြီး အခြားအိမ်အလုံးရေ ၂၆၃၀မှာ ဆိုးဆိုးရွားရွား ပျက်စီးသွားခဲ့ကြောင်း စီချွမ်အစိုးရသတင်းထုတ်ပြန်ရေးဌာနက ပြောကြားသည်။

**အေပီ။**

# မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲမှ စကားသံများ

သတင်း - သီသီမင်း(ကြေးမုံ)
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

ခေတ်အဆက်ဆက် စာပေပညာရှင်ကြီးများ ရေးသားပြုစုခဲ့သော သုတ၊ ရသစာပေများကို ဖတ်မှတ်လေ့လာခြင်းဖြင့် နိုင်ငံသူ နိုင်ငံသားများ အသိဉာဏ်ပညာ ကြီးမြင့်လာကြရသည်။ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်ဖြစ်ရသည်။ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်ကို ခွဲခြားသိမြင်လာကြသည်။ စာပေပညာရှင်ကြီးများ ရေးသားပြုစုခဲ့သော စာများသည် စာဖတ်သူများအား အောင်မြင်တိုးတက်ငြိမ်းချမ်းခြင်း စသောကောင်းကျိုးများကို ဖြစ်ပေါ်သည့်အတွက် ဆရာကြီး ဆရာမကြီးများ၏ ဝယဝုဒ္ဓိ၊ ဂုဏဝုဒ္ဓိကို ဆင်ခြင်အောက်မေ့၍ ၁၉၈၀ မှ စတင်ကန်တော့ခဲ့ရာ ၃၄ နှစ်တိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ကျင်းပသော ၁၃၇၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူများ၏ စာပေအပေါ်သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ပါသည်။

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း**

"စာပေက အရေးကြီးတယ်။ နှုတ်တစ်ရာစာတစ်လုံးဆိုတာရှိတာပေါ့။ နှုတ်က ဘယ်လောက်ပဲပြောပြောတင်ပြီးကျန်ခဲ့တာ မရှိဘူးလေ။ စာကတော့ အက္ခရာတင်ပြီး ကျန်တယ်။ စာရေးဆရာကြီးတွေရဲ့ စာပေတွေဖတ်ပြီးတော့ လိမ္မာလာကြတယ်။ အထူးသဖြင့် ငြိမ်းချမ်းလာကြတယ်ပေါ့။ လူကသာအိုတာ ကလောင်သွားတွေက ထက်နေတုန်းပဲ။ စာရေးဆရာကြီးတွေဟာ အဖိုးတန်ရတနာတွေဖြစ်တယ်။ ဒါကြောင့် ဒီပွဲကို တက်လာတာပါ။ နိုင်ငံတော်သမ္မတကလည်း စာရေးဆရာကြီးတွေကို အလှူငွေပို့ခိုင်းပါတယ်။

စာပေဟာ ငြိမ်းချမ်းရေးနဲ့ အများကြီးသက်ဆိုင်တယ်။ စာတစ်လုံးကြောင့် လူတွေငြိမ်းချမ်းကြတယ်။ စိတ်မှာငြိမ်းချမ်းရင် ရပ်ကွက်မှာငြိမ်းချမ်းတယ်။ ရပ်ကွက်မှာ ငြိမ်းချမ်းရင် ပြည်ရွာမှာ ငြိမ်းချမ်းမယ်။ ကမ္ဘာမှာ ငြိမ်းချမ်းမယ်။ စာတစ်လုံးဟာ အလွန်အရေးကြီးပါတယ်"။



ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း။



စာရေးဆရာ ဦးကိုကိုမောင်ကြီး။



စာရေးဆရာ မင်းယုဝေ။



ဒေါက်တာခင်မောင်ညွန့်။



စာရေးဆရာ ဝိသဇ္ဇက(ပဲခူး)

**စာရေးဆရာ သော်ကြာ မောင်ကလေး**

"ပဖဗဘမ " ဗျည်း ၃၃ လုံးရှိတဲ့အထဲက "ပဖဗဘမ"ကို ပြောပြချင်တယ်။ "ပ" မပျင်းနဲ့၊ ပျင်းရင် "ဖ" ဖျင်းတတ်တယ်။ ဖျင်းပြီးရင် "ဗ" ဗလာနတ္ထိ၊ ဘာမှမရှိဖြစ်တတ်ပါတယ်။ ဗလာနတ္ထိဘာမှမရှိရင် "ဘ" ဘေးကိုရောက်တတ်ပါတယ်။ ပျင်းမယ်။ ဖျင်းမယ်။ ဗလာနတ္ထိဘာမှမရှိရင်တော့ ဘေးကိုရောက်ပြီး "မ" မြောင်းထဲကျတတ်ပါတယ်။ ဒါကြောင့် မျိုးဆက်သစ်တွေရော မျိုးဆက်ဟောင်းတွေရောကို ပြောချင်တာက ကျန်းမာတုန်းမှာ ဆေးစားပါ။ ရှိနေတုန်းမှာ ချွေတာပါ၊ အားနေတုန်းမှာ စာဖတ်ပါလို့ပြောချင်ပါတယ်။

**စာရေးဆရာ ဦးကိုကိုမောင်ကြီး**

"အဘက အသက်(၉၀) ပြည့်တော့မှာပါ။ ဒီကန်တော့ပွဲကို လာတက်တာအခုဆိုရင် ၉ နှစ်ရှိပါပြီ။ သခင်တင်မြနဲ့က ဂျပန်ခေတ်ကတည်းက ဂျပန်တော်လှန်ရေး အတူလုပ်လာတာ။ အဘငယ်ငယ်တုန်းကတော့ နိုင်ငံရေးစာပေတွေရေးတယ်။ နောက်တစ်ခါ ဝတ္ထုတိုတွေလည်း ရေးတယ်။ စာများများတော့မရေးခဲ့ပါဘူး။နိုင်ငံရေးမှတ်တမ်းက "ကျွန်တော်သိသော တရုံရော အခါများ"စာအုပ်ပါ။ အခု အသက်ကြီးလာပြီဆိုတော့ မျက်လုံးက မကောင်းတော့ဘူး။ ရေးလို့လည်း မရတော့ဘူး။ ဒါပေမယ့် ကိုယ်ဖတ်ပြီးသားစာတွေကိုတော့ သတိရနေပါတယ်။ နောင်လာနောက်သားတွေကို ပြောချင်တာက စာကောင်းပေကောင်း ရေးနိုင်တဲ့ စာရေးဆရာတွေဖြစ်အောင် ကြိုးစားပါ။ တိုင်းပြည်အတွက် အသုံးဝင်တဲ့စာတွေရေးနိုင်အောင် ကြိုးစားကြပါ။ အခုလို သက်ကြီးပူဇော်ပွဲ လုပ်ပေးတော့ စာရေးဆရာအချင်းချင်း ပြန်တွေ့ရလို့ ဝမ်းသာမိတယ်"။

**စာရေးဆရာ ဒေါက်တာခင်မောင်ညွန့်**

ယနေ့ လူငယ်တွေရော၊ လူလတ်တွေကိုရော မှာချင်တာက ကျောင်းစာလည်းဖတ်ကြပါ။ အပြင်စာလည်းဖတ်ကြပါ။ သတင်းစာလည်းဖတ်ကြပါ။ စာရေးပြီးပို့လို့ ဘယ်စာစောင်မှ မပါရင် စိတ်မပျက်ပါနဲ့။ အောင်မြင်မှုဆိုတာ ချက်ချင်းမရနိုင်ဘူး။ ရေးရင်းရေးရင်းနဲ့ စာရေးဆရာဖြစ်လာပါလိမ့်မယ်။ နောက်ပြီး စာတမ်းဖတ်ပွဲတွေ တက်ကြပါ။ စာတမ်းဖတ်ပွဲတွေကနေ ဗဟုသုတတွေအများကြီး ရနိုင်တယ်။ နောက်ပြီး မှာချင်တာက တိုင်းပြည်နဲ့ လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို ဘယ်တော့မှ သစ္စာမဖောက်ကြပါနဲ့။ လူငယ်တွေ တိုးတက်တယ်ဆိုတာ တိုင်းပြည်အားကို ဖြစ်စေပါတယ်။ တိုးတက်မှုကို ကောင်းတဲ့ဘက်က အသုံးချစေချင်တယ်။

**စာရေးဆရာ ဆရာမင်းယုဝေ**

"စာရေးဆရာတွေကို ဒီလိုကန်တော့တာ ကမ္ဘာမှာ မြန်မာတစ်နိုင်ငံပဲရှိတယ်။ အခုလိုကန်တော့တာ ဂုဏ်ယူစရာလည်းကောင်းတယ်။ ဝမ်းလည်းဝမ်းသာတယ်။ ကြည်နူးစရာကောင်းတယ်။ စိတ်ကောင်းစေတနာနဲ့ ရေးတဲ့စာတွေဟာ ထူးချွန်ပြောင်မြောက်မှာပဲလို့ ဆရာခံယူပါတယ်"။

**စာရေးဆရာ ဝိသဇ္ဇက(ပဲခူး)**

"ဒီနှစ်မှာ ကျွန်တော်က စာပေဆုရတယ်။ ဒီလိုစာပေ သက်ကြီးပူဇော်ပွဲလုပ်ပေးတာကောင်းပါတယ်။ ဒီပွဲမှာ ကျွန်တော့်ဆေးတိုက်က ပြက္ခဒိန်တွေရော၊ ဆေးတွေရောကိုးမျိုးလှူပါတယ်။ ငွေအပါအဝင် ခြောက်သိန်းလောက်လှူဖြစ်ခဲ့ပါတယ်။ ဒီလိုလှူဖြစ်တာက စာရေးဆရာတွေရဲ့ ဘဝကိုနားလည်လို့ပါ"။

**စာရေးဆရာကြီး (စာဆိုစစ်သည်) ဦးစိန်အောင်ဗိုလ်**

စာရေးဆရာအတွက် ငွေကအဓိကမဟုတ်ဘူး။ စာရေးတယ်ဆိုတာ တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက်ပဲ ကောင်းရာကောင်းကျိုးဖြစ်အောင်ရည်ရွယ်ပြီး ရေးတယ်။ ပိုက်ဆံမရလည်း စာရေးပြီးတင်ပြလိုက်ရလို့ သတင်းစာတွေထဲပါရင် ဝမ်းသာပီတိ ဖြစ်ရပါတယ်။ အသက်ရှည်နေသမျှ စာရေးတဲ့ အလုပ်ကိုပဲဆက်လုပ်သွားမှာပါ။

တိုင်းပြည်၏ မျက်စိဖြစ်သော သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲမှသည် မျိုးဆက်သစ်များအနေဖြင့် ရှေးယခင် စာပေပညာရှင်များကဲ့သို့ နိုင်ငံနှင့်လူမျိုးအကျိုးပြုစာပေများ ရေးသားနိုင်သူများဖြစ်လာကြစေရန် ရည်သန်၍ စုစည်းရေးသားလိုက်ရပါသည်။ ။

■




ON SITE ZINC GALVANISING SYSTEM

သံထည်များကို "သွပ်ရည်စိမ်ရန်" အခက်အခဲ ဖြစ်နေပါက ကျွန်တော်တို့ ထံ ဆက်သွယ်လိုက်ပါ။

Water & Diesel storage tanks, Telecom & electricity tower, Heavy steel structure, Oil & gas pipe line, Bridge, Ship စသည့် နေရာများအတွက်အထူးသင့်လျော်ပါသည်။

ROYAL MARINE

Address - Royal Marine Engineering & Trading Co., Ltd

Tel : 95-1-505665, 530830, 959-73198128



# အိုင်တီခေတ်ရဲ့ ရွာခလေ့

ခင်မောင်ဌေး(ပညာရေး)

မိတ္ထီလာ-မန္တလေးသွားတဲ့ကားလမ်းဘေး ရှမ်းတဲလေတပ်စခန်းအနီးမှ နှစ်မိုင်သာသာလောက်အထဲကို ဝင်ရတယ်။ ကားလမ်းမကြီးကနေ ညာဘက်ဆင်းလိုက်တာနဲ့ ထန်းပင်အုပ်အုပ်တွေကြားက ဖြတ်သွားရတယ်။ ရွာနားရောက်တော့ တစ်ဖက်တစ်ချက်မှာ ကြက်သွန်ခင်းတွေတွေ့ရတယ်။ ရွာထိပ်မှာ ကြီးမားကျယ်ဝန်းတဲ့ဘုန်းတော်ကြီးကျောင်းနဲ့။ ရွာက ရွာဝိုင်းစု။

တစ်ချိန်က စာရေးသူ အလယ်တန်းပြဆရာအဖြစ် အမှုထမ်းခဲ့တဲ့ရွာကလေးပါ။ အစိုးရအလယ်တန်းကျောင်းရှိပါတယ်။ ဒီရွာမှာက တန်ဆောင်မုန်းလဆိုရင် ပျော်ပွဲရွှင်ပွဲတွေ၊ အလှူအတန်းတွေနဲ့ ရွာလုံးကျွတ်ပါဝင်ဆင်နွှဲလေ့ရှိတယ်။ ချစ်စရာကောင်းတဲ့ အလေ့အထတစ်ခုကတော့ ရပ်ဝေးရပ်နီးက မိတ်ဆွေတွေကို အိမ်တိုင်းက ထမင်းဖိတ်ကျွေးတယ်။ အချို၊ အချဉ်ပွဲတွေနဲ့ ဧည့်ခံကြတယ်။ ပြီးတော့ အညာမုန့်ဆီကြော်ဆိုတာကလည်း ကောက်ညှင်းနိုင်နိုင်နဲ့ဆိုတော့ ပျော့ပျော့ပျောင်းပျောင်းနဲ့ စားလို့အလွန်ကောင်းလှပါတယ်။

ရွာကလေးရဲ့ စီးပွားရေးအနေအထားက စိုက်ပျိုးရေးပါပဲ။ အဓိကစိုက်တာက ကြက်သွန်နီပေါ့။ ကြားချိန်တွေမှာတော့ ငရုတ်၊ ခရမ်း၊ ပြောင်းစတဲ့ ပေါ်ပင်သီးနှံလေးတွေလည်း အလုပ်ဖြစ်ပါတယ်။ ကြက်သွန်ဖော်ချိန်ဆိုရင်တော့ ရွာကလေးက အရောင်းအဝယ်တွေနဲ့ အတော်ကလေးစည်ကားလှပါတယ်။ အရင်ကဆိုရင်တော့ မိတ္ထီလာဒိုင်ကို ကြက်သွန်သွားသွင်းရတယ်။ ခုဆို လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းလာပြီဆိုတော့ ရွာအရောက်ဆယ်ဘီးကားကြီးတွေ ရောက်လာပြီပေါ့။

ခုတော့ ကျေးရွာချင်းဆက်လမ်းကလည်း လမ်းမကြီးအထိပေါက်နေပြီဆိုတော့ ထော်လာဂျီတွေလည်း တဝီဝီ၊ မော်တော်ဆိုင်ကယ်တွေလည်းတဝေါဝေါနဲ့၊ တစ်ချိန်က ရွာလမ်းမကြီးမှာ လှည်းချူသံတညံညံ။ ခုဆိုရင် ဆိုင်ကယ်အဝင်အထွက်က များများ၊ ရွာအထိ ကြက်သွန်လာဝယ်တဲ့ ပွဲစားတွေ၊ ကားကြီးတွေကလည်းမပြတ်၊ ရွာဦးကျောင်းက မီးစက်ကြီးကလည်း တစ်ရွာလုံးကို မီးသွယ်တန်းပေးထားတယ်။ TV ဆိုတာကလည်း မီးမရခင်ကတောင် ဘက်ထရီအိုးနဲ့ ကိုယ်ပိုင်မီးစက်တွေနဲ့ ပြနေကြတာ။

မကြာသေးမီ သီတင်းကျွတ်ကျောင်းပိတ်ရက်အတွင်းကအန္တိရွာကလေးဆီကို အလည်တစ်ခေါက်ရောက်ဖြစ်ခဲ့ပြန်ပါတယ်။ စာရေးသူလက်ထက်က အဋ္ဌမတန်းကျောင်းသားလေးက ခုတော့ အိမ်ထောင်ဦးစီးကြီးတစ်ဦးဖြစ်နေပြီပေါ့။ ကြက်သွန်စိုက်ဖို့ ထွန်ရေးပြင်နေတဲ့နေရာက အမောတကောနဲ့ ရောက်လာတယ်။ အရင်ကလို နွားနဲ့ထွန်နဲ့မဟုတ်တော့ဘဲ စက်ကို ငှားပြီးသုံးတဲ့အကြောင်း၊ စက်သုံးလို့ရတဲ့ နေရာမှန်သမျှစက်ကိုသုံး၊ အလုပ်တွင်ကျယ်တယ်။ ကြက်သွန်ပျိုးနုတ်၊ ပြန်စိုက်ရတဲ့နေရာမှာတော့ လူအင်အားသုံးရတယ်။ ကြက်သွန်မျိုးပြတ်သွားရင် ရမည်းသင်းဘက်သို့ဆင်းဝယ်ရသေးတယ်။

ရွာထဲကြည့်လိုက်ပြန်တော့လည်း ဆိုင်ကယ်တွေသာ တဝေါဝေါစီးနေကြတာမဟုတ်ဘူး။ အတော်များများ လူငယ်တွေရဲ့ လက်ထဲမှာ ဟန်းဖုန်းကိုယ်စီနဲ့ပါ။ အရင်ကဆို ရွာမှာဖုန်းတစ်လုံးနှစ်လုံးလောက်ပဲ အိမ်ဖုန်းအဖြစ်ရှိတာ။ ဖုန်းဆက်ချင်ရင် သူ့ဆီမှာ တန်းစီနေရတာ။ အဝေးဖုန်းဆိုရင်လည်း အိမ်ကိုလာခေါ်ပေးတယ်။ ခုတော့ အိမ်တိုင်းလိုလို ဖုန်းနဲ့ပါ။

ဟုတ်ပါတယ်။ အိုင်တီခေတ်မှာ ဖွံ့ဖြိုးတိုးတက်မှုတွေကလည်း မြန်မှမြန်သကိုး။ ကျုပ်တို့ မြန်မာပြည်သားတွေ ဘွဲ့ထူးတစ်ခုတောင်ရလိုက်သေး မဟုတ်လား။ ကမ္ဘာပေါ်မှာ ဖုန်းကိုခါးချိတ်ပြီး ကြွားတဲ့လူမျိုးရယ်လို့ပေါ့။ အေးလေ ပြောမယ်ဆိုလည်း ပြောချင်စရာ။ ဖုန်းတစ်လုံးကိုင်ဖို့ဆိုတာကလည်း အရင်ခေတ်ကဆို လွယ်တာမှ မဟုတ်တာ။ သိန်း ၃-၄-၅၀ လောက်ပေးရတာ။ ခုတော့ ယှဉ်ပြိုင်မှုဈေးကွက်အရ အော်ပရေတာ အသစ်တွေနဲ့ အပြိုင်အဆိုင်ပေါ်ထွက်လာတော့ သူ့ထက်ငါ ဝန်ဆောင်မှုတွေကောင်းအောင် သုံးစွဲရသက်သာအောင် လုပ်ဆောင်လာတာတွေ တွေ့ရတယ်။ ခုဆိုတောရောမြို့ပါမကျန် လူတိုင်းဖုန်းသုံးနိုင်လာကြပါပြီ။

တပည့်ဖြစ်သူရွာထဲမှ ဆိုင်ကယ်နဲ့ဝေါခနဲ ပြန်ရောက်လာပြန်ပါတယ်။ ဆရာစားဖို့ နွားနို့ခဲတဲ့။နှစ်တွေဘယ်လောက်ကြာကြာ သူ့ဆရာကြိုက်တတ်တဲ့ အစားအစာကို သိနေလေရဲ့။ အဲဒီရွာက နွားနို့ခဲကလည်း ကောင်းမှကောင်း။ နွားနို့ခဲက အစစ်ကိုး။ ရန်ကုန်က ပန်းဆိုးတန်းမှာလည်း နွားနို့ခဲရပါတယ်။ ဒါပေမယ့် မလတ်ဆတ်ဘူး။ ဘာလို့လဲဆိုတော့ ရက်တာရှည်ခံအောင် ဆားငန်ရေနဲ့ စိမ်ထားရတယ်။ ပြီးတော့ ဆန်မှုန့်ရောထားတာမို့ နွားနို့ခဲက မာခေါက်ခေါက်။

ရွာမှာက နွားနို့စစ်စစ်ကိုပဲ မုရိုးပင်ကရတဲ့ အစေးနဲ့ခဲရတာ။အိပြီးဆိမ့်နေတာပဲ။ ငရုတ်သီးစိမ်းရယ်၊ ကြက်သွန်ဖြူနိုင်နိုင်နဲ့ နွားနို့ခဲကို ကြော်ချက်ချက်မယ်။ ပြီးတော့ ချဉ်ပေါင်လက်ခြားကို မှုစ်ကလေးရောရာနဲ့ အချဉ်ဟင်းတစ်ခွက်ချက်မယ်ဆိုရင် ထမင်းမြိန်တဲ့ ဟင်းအမယ်တစ်ခွက်ပါပဲ။

တပည့်ဖြစ်သူကိုကြည့်ရတာလည်း သိပ်ပြီးတော့အားမရလှ။ နေ့ပူကျဲကျဲမှာ ဆိုင်ကယ်တစ်စီးနဲ့ ပွဲစားကလည်းလုပ်သေး။ ကိုယ်ပိုင်ကြက်သွန်စိုက်ခင်းအတွက်လည်း ပြေးရလွှားရနဲ့။ နဂိုက ခပ်လတ်လတ်အသားတောင် အတော်မည်းသွားပြီ။ နေလောင်ဒဏ်ပေါ့။ ဒါကြောင့် ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ဖို့ပြောရသေးတယ်။

"ခုတော့ သားသမီးတွေက အထောက်အခံပြုနေပါပြီ။ သားကလည်းဆယ်တန်းကျတာနဲ့ ကြက်သွန်စိုက်ခင်းထဲရောက်သွားပြီ။ သမီးငယ်ကတော့ ခုနစ်တန်းလောက်ကတည်းက ကြက်သွန်စိုက်၊ ကြက်သွန်နုတ်၊ အလုပ်ကိုလုပ်နေလေရဲ့။ ဘာပဲပြောပြော ပညာရေးဘက်သိပ်စိတ်မဝင်စားတော့လည်း မိဘလုပ်ငန်းကို ကူညီတာလည်း ကောင်းပါတယ်။

ခုတော့ ဆိုင်ကယ်လေးလည်း ဝယ်နိုင်ပြီ။ ပြီးခဲ့တဲ့နွေကလည်း သားသမီးတွေကို ရှင်ပြုနိုင်ခဲ့ပြီ။ ပြီးတော့ သားနဲ့ ကျွန်တော့်မှာလည်း ဖုန်းတစ်လုံးစီနဲ့။ အဆင်ပြေတယ်လို့ပြောရမှာပေါ့ဆရာရယ်"တဲ့။

"နေပါဦး သမီးငယ်ကရော""မေးတော့"သူကလည်း ဝင်ငွေရှိတယ် ဆရာ"တဲ့။ "အိမ်ကကြက်သွန်ခင်းအလုပ်သာမကဘူး။ အငှားလိုက်သေးတယ်။ စုမိဆောင်းမိလေးရှိရင်"ရွှေလုပ်ပါလားလို့" သူ့အမေကပြောတော့ ရွှေမဝတ်ချင်ဘူးတဲ့၊ဟန်းဆက်ဝယ်မှာတဲ့"၊ စာရေးသူက အိမ်မှာဖုန်းနှစ်လုံးတောင်ရှိနေပြီပဲပြောတော့ သူ့အမေကပြုံးတုံးတုံးကြီးနဲ့၊ အဖေဖြစ်သူကတော့ "ဆရာရေခုခေတ်ကလေးတွေက ရွှေလည်းမမက်တော့ဘူး၊ အဝတ်အစားဆိုလည်းတောနေတောထိုင်ဆိုတော့ ပွဲသဘင်လေးရှိမှ ဝယ်တာ။ ခုတော့ ဟန်းဖုန်းရှိရင်ပြီးနေတာပဲ။ ဖုန်းငွေဖြည့်ကတ်ကိုလည်း ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဝယ်ကြတာ ဆရာရေ"တဲ့။

ဟုတ်ပါတယ်။ ကြက်သွန်စိုက်ချိန်ဆိုရင် ယာတောတစ်ခွင်မှာဆိုင်ကယ်တွေ။ အရင်လိုလှည်းနဲ့နွားနဲ့တွေ့ရလှတယ်မဟုတ်ဘူး။ အရင်ကဆို စိုက်ချိန်ပျိုးချိန်ဆိုရင် လယ်သူမ၊ ယာသူမတွေ မပျင်းရအောင်ကန်သင်းဘေးက မန်ကျည်းရိပ်၊ ထနောင်းရိပ်မှာ အသံချဲ့စက်ကြီးနဲ့ပေါ့။ သီချင်းတွေဖွင့်ပေး။ ဇာတ်ထုပ်တွေဖွင့်ပေးနဲ့ပျော်စရာကြီးပါ။ခုတော့ ပြောင်းသွားပါပြီ။ နားချိန်ဆိုရင် ဖုန်းလေးတဂွမ်ဂွမ်နဲ့။ ဂိမ်းကစားသူနဲ့။မြင်ကွင်းက အတော်ကလေးပြောင်းသွားပါပြီ။

ဘယ်လိုပဲ အခြေအနေတွေ အချိန်အခါတွေပြောင်းပါစေ ရွာသူရွာသားတွေရဲ့ စိတ်မနောကတော့ ချိုမြပါ။ ပျူငှာဖော်ရွေတတ်တဲ့ စရိုက်ကလေးတွေကလည်း မကွယ်ပျောက်သေးပါဘူး။ နွားနို့ခဲကလည်း ဆန်မှုန့်မရောဘဲ ပျော့ပျော့အိအိစားလို့ ဆိမ့်တုန်းပါ။ နှမ်းများများကောက်ညှင်းနိုင်နိုင်နဲ့ မုန့်ဆီကြော်ကလည်း စားလို့မြိန်ဆဲပါ။ ဒီတစ်ခေါက်အညာပြန်ရတာ အိုင်တီခေတ်ရဲ့ ရွာခလေ့မြင်ကွင်းနဲ့ ချစ်စရာကောင်းနေသေးတဲ့ ရွာရဲ့ စရိုက်သဘာဝကို စူးစူးရှရှခံစားခဲ့ရပါတယ်။ ။

## တိုင်းပြည်ရင်သွေး ကျန်းမာရေး

- အစာကိုသာ ညက်ညက်ဝါးလို့ ယင်နားစာများမစားနဲ့ကွယ်။
- ယင်မယင်ကောင် လုံအောင်ဖုံးမှ တစ်အိမ်လုံးကျန်းမာကြလိမ့်မယ်။
- အစာမစားမီ လက်ကိုဆေးမှ ရောဂါဘေးနဲ့ဝေးကြမယ်။
- လက်ဆေးသောအခါ ဆပ်ပြာသုံးလျှင် အကောင်းဆုံးသန့်ရှင်းပါလိမ့်မယ်။
- ဝမ်းလျှောရောဂါ ဝေဒနာများကို ဓာတ်ဆားဖျော်လို့တိုက်ပါကွယ်။
- ဓာတ်ဆားရေဟာ ဝမ်းလျှောကလေးတွက် အသက်ကယ်ဆေးတစ်လက်ဖြစ်တယ်။
- ခြောက်မျိုးရောဂါ ကာကွယ်ဆေးကို တစ်နှစ်အောက်ကလေးများထိုးရမယ်။
- ဆေးထိုးမှသာ ရောဂါမဖက်ဘဲ အသက်ရှည်ကျန်းမာကြလိမ့်မယ်။
- မိမိဝန်းကျင် ခြင်နိမ်နင်းမှ သွေးလွန်တုပ်ကွေးဘေးကင်းမယ်။
- ပျော်ပျော်ပါးပါး ဖော်အများနဲ့ ကိုယ်လက်လှုပ်ရှားကစားရမယ်။

သားငယ်. . . သမီးငယ် ။ ။

မောင်ကျေးရှူး

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ဧဝတနာရှင်
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ပုပ္ပါး၊ ပုဂံ-ညောင်ဦး(သောကြာ)
01-392704,09506657,0973017110

ရွှေထိပ်တန်း
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
01-701015,09-5403844
01-710436,09-5044830

ရွှေနဂါး (စရိုက်ငြိမ်း)
ကျိုက်ထီးရိုး-35000
ချောင်းသာ -45000
Ph:209077, 09-73167000
209388, 09-73168000




HIGHWAY STAR Travels & Tours Co.Ltd. HAPPY NEW YEAR 2015
'အတွေးသစ်၊ အမြင်သစ် တွေ့ရှိဖို့ Highway Star နှင့် ခရီးသွားစို့'
(ခရီးသွား အာမခံပါဝင်)
✣ ကျိုက်ထီးရိုး နေ့ချင်းပြန် (တောင်တက်ကားခစင်းလုံးငှား)
✣ သရေခေတ္တရာ ၊ ပြည် ၊ အကောက်တောင် (အထူး)
✣ သံတောင်ကြီး (အပန်းဖြေစခန်း) ၊ တောင်ဂူ
✣ ကျိုက်ထီးဆောင်း၊ မဲလဲ၊ ကျောက်ပိရဟန္တာ၊ ဇင်းကျိုက်ရေတံခွန်
✣ ဖွဲကပင် ၊ ဦးနာအောက် ၊ ဘုရင့်ညီဂူ ၊ ကော့ဂွန်းဂူ
Nov (28)
Special Promotion 6+1
NEW YEAR EVE PARTY ပွဲနှင့်ခရီးစဉ်များ။
✣ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ
✣ ပြင်ဦးလွင်၊ မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း
✣ အင်းလေး၊ တောင်ကြီး၊ ကလော၊ ပင်းတယ
✣ မြဝတီ၊ မဲဆောက် (ဈေး၊သံလိုက်တောင်)
Dec (24,30)
ONLY SCANIA, MAN
www.facebook.com/highwaystartravels&tours
09-253235411-22, 09-253241300, 09-36220108-162

ဦးအောင်ဟိန်းကျော်
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း (အခြေခံ၊ အဆင့်မြင့်)
အင်္ဂလိပ်စကားပြော သင်တန်း
■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre., Vol:1,2,3)
■ 392468
09517184 1
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်

ပြည်တွင်းရေးရာ

# ပညာရေးပိုင်းမှာ နိုင်ငံတကာလို သင်ကြားနိုင်အောင် အရည်အသွေးမြှင့်ဖို့လို

မေး ရေး ›› ဥမ္မာသန့်
ဓာတ်ပုံ ›› ရဲထွဋ်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာအရည်အသွေး မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ ရုပ်ပိုင်းဆိုင်ရာပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို မူလလက်ရာမပျက်စေဘဲ တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ ကျောင်းသားကျောင်းသူအဆောင်များ ပြုပြင်မွမ်းမံနေမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မေးမြန်းခဲ့သည်ကို ဖော်ပြလိုက်ရပါသည်။

**ဒေါက်တာဒေါ်ခင်နိုင်ဦး**
**စီးပွားရေးတက္ကသိုလ်(ရန်ကုန်)**
**တာဝန်ခံပါမောက္ခချုပ်**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်အနေနဲ့ မာလာဆောင်ကိုထပ်ပြီး အသစ်ရရှိတာဖြစ်ပါတယ်။ အရင်ကတည်းကရှိခဲ့တဲ့ အဆောင်ဖြစ်ပါတယ်။ ကျောင်းသူတွေကို တစ်ခန်းမှာ လေးဦးစီနေရအောင် စီမံထားပါတယ်။ သူတို့အတွက် လိုအပ်ချက်အပြည့်အစုံရှိရမယ်ပေါ့၊ ခုတင်၊ ဗီရို၊ စားပွဲ၊ ကုလားထိုင်အစရှိတဲ့ အားလုံးအပြည့်အစုံထားရှိပေးမှာဖြစ်ပါတယ်။ ဒီလိုရုပ်ပိုင်းဆိုင်ရာ တိုးတက်အောင် လုပ်ပေးနေသလို ပညာရေးပိုင်းမှာလည်း နိုင်ငံတကာလို သင်ကြားနိုင်အောင် အရည်အသွေးကိုမြှင့်ဖို့လိုပါတယ်။ တစ်ဖက်ကလည်း အင်တာနက်ကို လေ့လာနိုင်အောင် ဆောင်ရွက်ပေးမှာပါ။ ကျန်းမာကြံ့ခိုင်တဲ့သူတွေဖြစ်ဖို့၊ အားကစားစိတ်ဓာတ်ရှိဖို့၊ အားကစားလုပ်လို့ရအောင် အားကစားခန်းမတွေလည်း စီစဉ်ပေးထားပါတယ်။

နိုဝင်ဘာ ၃၀ ရက်အပြီး ရေချိုးခန်းအပါအဝင်လိုအပ်တာတွေ အပြည့်ထည့်နေပါတယ်။ ကျောင်းသူတွေ ဒီဇင်ဘာလမှာ ရောက်လာတာနဲ့ အဆောင်နေနိုင်အောင် စီစဉ်ထားပါတယ်။ အရင်တုန်းကတည်းက အဆောင်တွေမှာ ထုတ်ပြန်ထားတဲ့ စည်းကမ်းအတိုင်းပဲ ကျောင်းသူအားလုံး ညနေ ၆ နာရီမှာ အဆောင်တံခါးပိတ်မှာပါ။ နောက်တစ်ခါ စနေ၊ တနင်္ဂနွေမှာ အပြင်ထွက်ရင်လည်း အပြင်ထွက်လက်မှတ်လုပ်ရမှာပါ။ မီးပလပ်တွေကို အခန်းထဲမှာ အန္တရာယ်ရှိမှာ စိုးလို့ ဘာမှသုံးလို့မရပါဘူး။ မီးပူတိုက်တဲ့အခန်း၊ အားသွင်းဖို့ မီးလိုင်းအသစ်လည်း သေချာလုပ်ပေးပြီး သီးခြားအခန်းစီစဉ်ထားပါတယ်။ စားသောက်ဖို့အတွက်လည်း ကန်ထရိုက်တွေ တင်ဒါခေါ်ထားပါတယ်။ ကျောင်းသားတွေ စားသုံးမှုအခက်အခဲမရှိစေဖို့ တစ်နပ် ငွေကျပ် ၅၀၀ နှုန်းနဲ့ အဆင်ပြေအောင်စီစဉ်ထားပါတယ်။

ဒါ့အပြင် ကျောင်းသူတွေက (၁၆) နှစ်အရွယ်နဲ့ရောက်လာတော့ မိဘရင်ခွင်ကလွတ်လာတာပေါ့။ တက္ကသိုလ်ရောက်ရင် လူကြီးဖြစ်ပြီပေါ့။ မိမိကိုယ်ကို ရပ်တည်နေနိုင်ဖို့ သွန်သင်ပေးမယ်။ တက္ကသိုလ်မှာ နေမှု၊ ထိုင်မှု၊ စဉ်းစားမှု၊ လူအပေါင်းအသင်း၊ အများနဲ့ နေရတယ်ဆိုတော့ အပေါင်းအသင်းနဲ့ နေတတ်တဲ့အကျင့်တွေနဲ့ အတူ ပညာရပ်ဆိုင်ရာမှာရော သွန်သင်ပေးမယ်။ ဘုရားခန်းရှိတယ်။ ၆ နာရီ Roll Call ခေါ်ပြီးရင် ဘုရားရှိခိုးရမယ်။ သူ့ဘာသာနဲ့သူပေါ့။ တနင်္ဂနွေ



ဒေါက်တာဒေါ်ခင်နိုင်ဦး
စီးပွားရေးတက္ကသိုလ်(ရန်ကုန်)
တာဝန်ခံပါမောက္ခချုပ်

မှာ ဘုရားကျောင်းသွားလို့ရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် သည်းခံနိုင်တဲ့ စွမ်းအားလည်း တက်လာသလို ပေါင်းသင်းဆက်ဆံတတ်လာမယ်။ တိုင်းပြည်အတွက် အားထားရမယ့် အမျိုးကောင်းသမီးတွေကို မွေးထုတ်ပေးနိုင်မှာဖြစ်တဲ့အတွက် အားပိုရလာတယ်။ အများကြီးဝမ်းသာမိပါတယ်။ ကလေးတွေကလည်းအလွန်ပျော်နေပါတယ်။ မာလာသူဟောင်းတွေကလည်း အဲဒီသတင်းကြားလို့ Facebook တွေမှာ ပျော်ရွှင်ကြောင်း ရေးနေကြပါတယ်။

**ဒေါက်တာအောင်သူ**
**ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် အဆောင်တွေပြုပြင်တာနဲ့ပတ်သက်လို့ ကျောင်းတွေက ဒီဇင်ဘာလဆန်း ပြန်ဖွင့်မှာလေ။ အဆောင်မှာပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေသူအားလုံးကို မှာထားတာက အတွင်းပိုင်းပြင်ဆင်မှုကိုတော့ လမကုန်မီ အပြီးပြင်ပေးရမယ်လို့ပြောထားတယ်။ အတွင်းပိုင်းပြင်ဆင်မှုကတော့ ရာခိုင်နှုန်းပြည့်ပြီးပြီ။ ဆေးသုတ်တာတို့၊ ဘာတို့ကတော့ နည်းနည်းပဲကျန်တာပါ။ ကျောင်းသားလက်ခံမှုအနေနဲ့ ဘာသာရပ်အသီးသီးမှာ ထူးချွန်တဲ့ ကျောင်းသားတွေ သတ်မှတ်တဲ့အမှတ်တွေနဲ့ အဆင့်မြင့်ပညာဦးစီးဌာနအနေနဲ့ ကြေညာပေးပြီး ထူးချွန်တဲ့ ကျောင်းသားတွေ အကုန်လုံးကိုလက်ခံပါမယ်။ လက်ခံတဲ့ ဘာသာရပ်အနေနဲ့ ဘာသာရပ်ကြီး ၁၂ ခုပါ။ ဘာသာတစ်ခုကို အများဆုံး ၅၀ လက်ခံပါမယ်။ အဲဒီအထဲက အမှတ်တွေကို ထပ်မံပေးသေးတယ်။ သတ်မှတ်တယ်ဆိုတာ အမှတ်စုစုပေါင်းရခြင်းဆိုတာရယ်၊ ဥပမာ ဓာတုဗေဒယူတယ်ဆိုရင် ဓာတုဗေဒရမှတ်ကအနည်းဆုံး ၉၀ ရရင်၊ အမှတ် စုစုပေါင်းက ၄၉၀ ရရင် နိုင်ငံတော်က လစဉ် တစ်သိန်းချီးမြှင့်တယ်။ ဟိုအရင်တုန်းက ရှိခဲ့ဖူးပါတယ်။

သိပ္ပံထူးချွန်၊ ဝိဇ္ဇာထူးချွန် ထပ်မံပေးထားပါတယ်။

ရန်ကုန်တက္ကသိုလ်ရဲ့ ရည်ရွယ်ချက်ကိုက နောင်တစ်ချိန်မှာ နိုင်ငံတော်ရဲ့ အားထားစရာ၊ ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်မှာ တကယ်ထူးချွန်တဲ့သူတွေဖြစ်အောင် ဟိုအရင်နှစ်ပေါင်း ၄၀ ကျော်က အခြေခံသိပ္ပံပညာရှင်ဆု ပေါ်ပေါက်ခဲ့ဖူးတယ်။ အဲဒီဖြစ်စဉ်လို အခုပြန်



ဒေါက်တာအောင်သူ
ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်

ဖြစ်တာ။ တစ်နိုင်ငံလုံး ဒုတိယရသူတောင် သိပ္ပံဘာသာရပ် လာတက်တယ်။ အမှတ်ပေါင်း ၅၀၀ ကျော်သူတွေ ပြီးခဲ့တဲ့နှစ်ကလည်း လာတက်တယ်။ ဒီနှစ်လည်းတော်တော်များများဝင်တယ်။ ဒီကလေးတွေက နောင်တစ်ချိန်ကျရင် ပညာရေးအဆင့်အတန်းမြင့်မားမှုကို အနာဂတ် ဦးဆောင်မယ့်သူတွေပါ။ အခုလို နိုင်ငံတော်က ထောက်ပံ့ရုံမက သမ္မတ ပညာတော်သင်ဆုလည်းရှိနေပြီ။ အခု နိုင်ငံတကာ တက္ကသိုလ်အသီးသီးနဲ့ MoU ထိုးထားပြီး တက္ကသိုလ်တွေကလည်း ကျောင်းသားတွေကို ပညာတော်သင်ဆုပေးပြီး ရန်ကုန်တက္ကသိုလ်က အာဆီယံပညာသင်ဆုကို အရင်က ဆရာတွေပေးတာ။ ဒီနှစ်ကျောင်းသားတွေကို စပေးတာ။ အာဆီယံ(၁၀)နိုင်ငံမှာ ကိုးဆုမှာ ရန်ကုန် တက္ကသိုလ်က ခုနစ်ဆုပေးလိုက်တယ်။ ဒါကြောင့်မို့ ပါရဂူဘွဲ့ ခြောက်ဆုနဲ့ မဟာသိပ္ပံဘွဲ့တစ်ဦး၊ ရန်ကုန်တက္ကသိုလ်ကျောင်းသား ခုနစ်ဦး ယူနေပါပြီ။ ဒီလိုကလေးတွေ နောင်အများကြီး ထွက်ပေါ်လာပါမယ်။ ဂျပန်တက္ကသိုလ်ကလည်း ပညာတော်သင်ကျောင်းသား နှစ်ဦးပေးမယ် ပြောပါတယ်။ ဆက်ပြီး နော်ဝေဘုရင်နဲ့ မိဖုရားလာရင်လည်း နိုင်ငံခြားပညာတော်သင်ဆုပေးမယ်လို့ပြောတယ်။ အချိန်တစ်ခုစောင့်ပြီးရင် ကလေးတွေအတွက် ပညာတော်သင်ဆုတွေပေးမှာပါ။ ကလေးတွေအနေနဲ့ ကြိုးစားကြပါ။

**ဒေါက်တာမဥ္စူမြင်း**
**အင်းလျားဆောင်(ရန်ကုန်တက္ကသိုလ်)**
**အဆောင်မှူး**

မနှစ်ကစပြီး အင်းလျားဆောင်ကို ကျောင်းသူတွေ ပြန်ပြီးလက်ခံခဲ့ပါတယ်။ ပြန်ပြီး စည်ကားလာခဲ့ပါတယ်။ အခုကျောင်းသူအားလုံးကို မိခင်လို၊ အစ်မလိုမျိုး အဆောင်မှူးက ဦးဆောင်ပြီး အဆောင်နည်းပြတွေလည်းရှိပါတယ်။ တစ်နိုင်ငံလုံး ကျောင်းသူတွေ ဒီမှာဆုံကြတယ်။ ဆုံတဲ့အခါမှာလည်း ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင်လို့ စည်းကမ်းတကျဖြစ်အောင် စီစဉ်ပေးထားပါတယ်။ အစားအသောက်ကိုလည်း သင့်တော်တဲ့ဈေးနှုန်းနဲ့ အချိန်မှန် ကျန်းမာရေးနဲ့ညီညွတ်စွာ စားသောက်နိုင်ဖို့၊ သန့်သန့်ရှင်းရှင်း ချက်ပြုတ်ဖို့ စီစဉ်ထားပါတယ်။



ဒေါက်တာမဥ္စူမြင်း
အင်းလျားဆောင်(ရန်ကုန်တက္ကသိုလ်)
အဆောင်မှူး

တစ်နယ်တစ်ကျေးကလာတဲ့အတွက် အချင်းချင်း ဒေသန္တရဗဟုသုတတွေ ဖလှယ်ခွင့်ရအောင် အခန်းနေရာချထားတာကအစ တစ်ခန်းနှစ်ဦးနှုန်းနဲ့တွဲချဖို့ စီစဉ်ထားပါတယ်။ ညတိုင်း ဘုရားဝတ်ပြုဖို့၊ ကစားချိန်ကစားဖို့၊ လုပ်အားပေးသွားဖို့ နေရာတွေလည်း စီစဉ်ထားပါတယ်။ ကျောင်းနေလည်း ပျော်ရမယ်၊ စာလည်းတော်ရမယ်၊ နိုင်ငံအတွက် အကျိုးပြုနိုင်မယ့် သမီးကောင်းရတနာဖြစ်လာဖို့ ရည်ရွယ်ပြီး အဆောင်နေခွင့်ပေးပါမယ်။ အဲဒါအပြင် ရန်ကုန်တက္ကသိုလ်က Wifi လွှင့်ထားပါတယ်။ ကျောင်းမှာလည်း Wifi ကို အသုံးပြုချိန်မှာ အလွယ်တကူအသုံးပြုလို့ရနိုင်သလို အဆောင်ပြန်ရောက်ရင်၊ စာသင်အားရင်၊ သင်ခဲ့ရတဲ့စာကို ပြန်အသုံးချချင်ရင် အဆောင်မှာ အချိန်မရွေး သုံးစွဲနိုင်ဖို့ စီစဉ်ထားပါတယ်။ ကျောင်းသူတွေကလည်း အကျိုးရှိစွာသုံးပါတယ်။ သူတို့ အားလပ်ချိန် ည ၈ နာရီလို့သတ်မှတ်ထားပါတယ်။ ထမင်းစားချိန်က ညနေ ၆ နာရီပါ။ နေ့စဉ် Roll Call ခေါ်မယ်။ ဆုံးမစရာရှိရင် ဆုံးမမယ်။ ကိုယ်ပိုင်အချိန် နှစ်နာရီရပါတယ်။ သင်တန်းရေးရာဌာနနဲ့ ကျောင်းအဆောင်ဌာနကနေ ခွဲဝေချထားပေးမှာပါ။ အတန်းစုံ ကျောင်းသူတွေ နေထိုင်လို့ရအောင် စီစဉ်ထားပါတယ်။

**ဒေါက်တာအေးအေးသန်း**
**တွဲဖက်ပါမောက္ခ**
**ရူပဗေဒဌာန(ရန်ကုန်)**

သီရိဆောင် ယာယီအဆောင်မှူးအနေနဲ့ တာဝန်ပေးထားတယ်။ သီရိဆောင်ကြီးကို မွမ်းမံတည်ဆောက်ရေးတွေလုပ်နေပါပြီ။ ကျောင်းသူတွေ အဆောင်နေရင်း အဆင်ပြေစွာနေနိုင်ရေးအတွက် အစစအရာရာ ကြည့်နေပါတယ်။ ဆောက်လုပ်ရေးတွေကို ဆရာကြီးတွေနဲ့ တိုင်ပင်ပြီး အကောင်းဆုံးပြင်ဆင်နေပါတယ်။ ပြီးခဲ့တဲ့နှစ်ကတည်းက အဆောင်မှူးအတွေ့အကြုံ ရှိပါတယ်။ မိဘတွေက သူတို့ကလေးတွေ ပထမနှစ်ကိုစပြီး လက်ခံတာဆိုတော့ အဆောင်မှူးတွေ လက်ထဲမှာ စိတ်ချလက်ချထားခဲ့ရတာကို အားရကျေနပ်တာ မြင်ရတော့ ဝမ်းသာရပါတယ်။ ဒီနှစ်မှာလည်း ကျောင်းသူတွေကို မျှော်နေပါတယ်။ အချင်းချင်းရိုင်းပင်းကူညီပြီး အေးအတူ



ဒေါက်တာအေးအေးသန်း
တွဲဖက်ပါမောက္ခ
ရူပဗေဒဌာန(ရန်ကုန်)

ပူအမျှသာတူညီမျှ နေတတ်တဲ့အကျင့်စရိုက်ရအောင် ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးနဲ့ နေထိုင်စားသောက်ရေး အဆင်ပြေအောင်ဆောင်ရွက်ပေးပါမယ်။ နိုင်ငံရဲ့အဓိကလိုအပ်တဲ့ သမီးကောင်းရတနာလေးတွေ စိတ်ကောင်းရှိပြီး စာတော်တဲ့ အမျိုးဘာသာ သာသနာထိန်းသိမ်းတတ်တဲ့ သမီးကောင်းလေးတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးဖို့ ရည်ရွယ်ထားပါတယ်။ အဆောင်မှာ နှစ်ဦးခန်း၊ လေးဦးခန်း၊ ခြောက်ဦးခန်းရှိပါတယ်။ ကျောင်းသူတွေ တွဲနေရမှာဖြစ်တဲ့အတွက် ပိုပြီးအချင်းချင်း ရိုင်းပင်းကူညီမှုနဲ့ နားလည်မှုရှိအောင် လေ့ကျင့်ပေးဖို့ အစီအစဉ်ရှိပါတယ်။ အဆောင်သုံးထပ်ရှိပါတယ်။ အဆောင်မှာ ချောင်ချောင်ချိချိလေးနေမယ်ဆိုရင် ၁၅၀ ကနေ ၁၆၀ အထိထားလို့ရပါတယ်။ နောက်နှစ်တွေမှာ လိုအပ်ချက်အရ ၂၅၀ လောက်ထားလို့ရပါတယ်။

ရန်ကုန်တက္ကသိုလ်မှာတက်ချင်တဲ့ ရူပဗေဒဘာသာရပ်ကို အမှတ်စုစုပေါင်း ၄၉၀ ရရမယ်။ ရူပဗေဒမှာ အမှတ် ၉၀ ကျော်ရရမယ်။ ဂုဏ်ထူးတန်းကိုလည်း လက်ခံထားပါတယ်။ ဝင်ခွင့်ဖြေရမယ်။ Master ရှိတယ်။ Ph.D ရှိတယ်။ သူတို့ကိုလည်း ဝင်ခွင့်နဲ့ လက်ခံပါမယ်။ ရန်ကုန် တက္ကသိုလ်က အခုဆိုရင် အာဆီယံ University Network ရဲ့ အဖွဲ့ဝင်တက္ကသိုလ်တစ်ခု ဖြစ်နေပါပြီ။

**ဦးဇော်ဌေး**
**ညွှန်ကြားရေးမှူးချုပ်**
**အဆင့်မြင့်ပညာဦးစီးဌာန**
**(အောက်မြန်မာပြည်)**

တာဝန်ရှိ လူကြီးတွေအနေနဲ့ တက္ကသိုလ်ပြင်တာဆင်တာ၊ ဆောင်ရွက်နေတာ လာရောက်ကြည့်ရှုပေးတဲ့အတွက် အင်မတန်ဂုဏ်ယူပါတယ်။ အားလည်း အားရပါတယ်။ လာကြည့်ရင်းနဲ့ လိုအပ်တာတွေ လမ်းညွှန်ပေးတာ၊ အခက်အခဲတွေကို ဖြည့်ဆည်းပေးတာအားလုံးက ထိရောက်တဲ့ ပံ့ပိုးမှု ဖြစ်ပါတယ်။ တက္ကသိုလ်တွေရဲ့ အရည်အသွေးမြင့်မားရေးအပိုင်းမှာရော၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ဖွံ့ဖြိုးဖို့



ဦးဇော်ဌေး ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)

အပိုင်းတွေမှာရော တက္ကသိုလ်အသီးသီးက ရေးဆွဲထားတဲ့ စီမံကိန်းနဲ့အညီ တဖြည်းဖြည်းနဲ့ ပြင်နေတာ အခုဆို အများကြီး ပြောင်းလဲနေပြီ။ ရန်ကုန်တက္ကသိုလ် လမ်းတွေ၊ စာသင်ဆောင်၊ အဆောင်တွေမှာ သန့်ရှင်းသပ်ရပ်မှုတွေ ရှိလာပြီ။ လိုအပ်တဲ့ သင်ကြားရေး အထောက်အကူပြုပစ္စည်းတွေရှိလာပြီ။ ကျောင်းသားတွေသုံးတဲ့ သန့်စင်ခန်းသပ်ရပ်လာပြီ။ အထောက်အကူဖြစ်တဲ့ စာကြည့်တိုက်တွေ ပြည့်စုံလာပြီ။ Internet, Wifi တွေရလာပြီ။ Wifi ရတာ ကျောင်းသားတွေအတွက် ကြီးမားသောတိုးတက်မှုပဲဖြစ်တယ်။ နေရာမရွေး၊ အချိန်မရွေး Internet ကို ချိတ်ဆက်ပြီး အသုံးပြုလာနိုင်တယ်။ မျှော်မှန်းနေတဲ့ ပညာအရည်အသွေး မြှင့်တင်ရေးလည်းဖြစ်လာပါတယ်။ ကိုယ်တိုင်ရှာဖွေလေ့လာရေးအပိုင်းလည်း သိမြင်လာပါတယ်။ နောက်တစ်ခုက အလွတ်ကျက်မှတ်တာမဟုတ်ဘဲ နားလည်သဘောပေါက်အောင် ဆက်စပ်လေ့လာတဲ့အပိုင်းက အများကြီး ထိရောက်တဲ့အတွက် အရည်အသွေးပိုင်းရော၊ အရည်အတွက် ပိုင်းရော တိုးတက်လာတဲ့ သာဓကလေးပါ။ အရှိန်အဟုန်နဲ့ဆောင်ရွက်တဲ့ အစပိုင်းလေးပါ။ ရှေ့ဆက် ဆောင်ရွက်ရမယ့် အစီအစဉ်အများကြီးရှိပါတယ်။ နိုင်ငံတော်ကလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီး ဘဏ္ဍာငွေခွင့်ပြုပေးလာတဲ့အတွက် ထိထိရောက်ရောက်သုံးဖို့ အစီအစဉ်အများကြီးရှိပါတယ်။

အခုလို စိတ်ရှည်လက်ရှည်ဖြေကြားပေးတဲ့အတွက် ဆရာ၊ ဆရာမကြီးအားလုံးကို ကျေးဇူးတင်ပါတယ်။ ။

စာပေမြင့်မှ လူမျိုးတင့်မည်

# တပ်မတော်နှင့် မီဒီယာများအကြား ချောမွေ့ကောင်းမွန်သည့် ဆက်ဆံရေးယန္တရားတစ်ရပ်ထူထောင်နိုင်ရန် နှစ်ဖက်ကိုယ်စားလှယ်ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲ ဆောလျင်စွာပြုလုပ်သွားမည်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်၏ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ကချင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် သတိပေးပစ်ခတ်မှု ဖြစ်စဉ်နှင့်ပတ်သက်သည်များ၊ လတ်တလောအခြေအနေများကို ရှင်းလင်းပြောကြားသည်။ စာနယ်ဇင်းကောင်စီကလည်း တပ်မတော်ဆိုင်ရာသတင်းများ ပွင့်ပွင့်လင်းလင်း သိရှိရယူနိုင်ရေး၊ တပ်မတော်နှင့် မီဒီယာတို့၏ ကောင်းမွန်သော ဆက်ဆံရေးလမ်းကြောင်း တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လိုသည့်အချက်များနှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးစွာအပြန်အလှန်ဆွေးနွေးခဲ့သည်။ ၂၀၁၅ ခုနှစ် နိုင်ငံတော်၏ ဒီမိုကရေစီအရေးနှင့် ပတ်သက်၍ တပ်မတော်၏ သဘောထားအမြင်အား စာနယ်ဇင်းကောင်စီမှ မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်းမှ နောက်ကြောင်းပြန်လှည့်ရန်မရှိပါကြောင်း၊ လက်ရှိလျှောက်လှမ်းနေသည့် လမ်းကြောင်းအတိုင်း ခိုင်ခိုင်မာမာရပ်တည်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အတူ အတွင်းရေးမှူး ဦးကျော်မင်းဆွေ၊ တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းကလျာဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးဖေမြင့်၊ ဦးခင်မောင်ဌေး၊ ဦးသီဟစော၊ ဦးမြင့်ကျော်၊ ဦးရဲမင်းဦးနှင့် ဦးကိုကိုတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌဦးခင်မောင်လေးတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကြသည်။

တပ်မတော်နှင့် စာနယ်ဇင်းကောင်စီ (ယာယီ) တွေ့ဆုံညှိနှိုင်းမှုအရ မီဒီယာများသိရှိရယူနိုင်ရန် တပ်မတော်က ထုတ်ပြန်ပေးနိုင်သည့် သတင်းအချက်အလက်များအား မြဝတီ Web Portal တွင် အချိန်နှင့်တစ်ပြေးညီဖော်ပြသွားမည်ဖြစ်ကြောင်း၊ တပ်မတော်နှင့် မီဒီယာများအကြား ချောမွေ့ကောင်းမွန်သည့် ဆက်ဆံရေးယန္တရားတစ်ရပ် ထူထောင်နိုင်ရန် နှစ်ဖက်ကိုယ်စားလှယ်ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဆောလျင်စွာပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## အမျိုးသားစာပေဆုနှင်းသဘင် ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၁၃ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင်ကို ဒီဇင်ဘာ ၇ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့သတင်းထုတ်ပြန်သည်။

ဆုရရှိသူများစာရင်းအား နိုဝင်ဘာ ၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ ဆုနှင်းသဘင်အခမ်းအနားသို့ ဆုရရှိသူများ၊ ဆုရစာအုပ်များကို ထုတ်ဝေခဲ့သည့်စာပေတိုက်များနှင့် ထုတ်ဝေသူများ၊ အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိခဲ့ဖူးသည့် စာပေပညာရှင်များအားလုံးအပါအဝင် စာပေဆိုင်ရာအဖွဲ့အစည်းများသို့ ဖိတ်ကြားထားကြောင်း သိရသည်။

အစမ်းလေ့ကျင့်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီတွင်ပြုလုပ်မည်ဖြစ်ရာ ဆုရရှိကြသူများအနေဖြင့် စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ (စာပေဗိမာန်) ဖုန်း- ၀၁-၃၈၁၄၄၉ နှင့် ၀၁-၃၇၆၅၆၉ တို့သို့ ဆက်သွယ်ကြရန်ဖြစ်သည်။

အခမ်းအနားတက်ရောက်မည့်သူများသည် အဆိုပါနေ့ နံနက် ၈ နာရီခွဲတွင် အခမ်းအနားကျင်းပမည့် အမျိုးသားကဇာတ်ရုံ၌ ကြိုတင်နေရာယူပြီးဖြစ်စေရေး မေတ္တာရပ်ခံထားကြောင်း သိရသည်။ **(ကြေးမုံ)**

## ✻ တောင်ကြီးမြို့မှ

အဆိုပါရေလှောင်ကန်သည် တမံအမြင့် ၃၆ ပေ၊ တမံအလျား ပေ ၈၂၄၀ နှင့် တမံထိပ်အကျယ် ၁၀ ပေရှိသည်။ ယင်းဒေသတွင် ရေဝေရေလဲဧရိယာ ၈၅၈ ဧက (၁၃၄ စတုရန်းမိုင်) နှင့် ရေဝပ်ဧရိယာ ဧက ၃၀ ကျယ်သည်။ ရေဝေရေလဲမှ ရေများကို ထီသိမ်ရေလှောင်ကန်ဖြင့် ထိန်းသိမ်းသိုလှောင်ပြီး ဒေသနေပြည်သူများအား တစ်နေ့လျှင်ရေဂါလန် ငါးသိန်းခန့်ရေပေးဝေနိုင်ခဲ့သည်။ ထို့ပြင် တောင်ကြီးမြို့အား သောက်သုံးရေထောက်ပံ့ပေးနေသော ထီသိမ်ရေလှောင်ကန်၏ ရေဝေရေလဲများကို ထိန်းသိမ်းရန်ရည်ရွယ်၍ ၁၉၈၉ ခုနှစ်ကတည်းက ထီသိမ်ကန် သစ်တောကြိုးဝိုင်းအဖြစ် တည်ထောင်ထားသည်။

ထီသိမ်(ရှုရှား)ရေကူရေလှောင်တမံသည် ထီသိမ်ရေလှောင်ကန်၏ အထက်ပိုင်း ထီသိမ်ရွာအနီးတည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ်ကာ တမံအမြင့် ၄၂ ပေ၊ တမံအလျား ပေ ၄၂၀ ရှည်သည်။ ထိုဒေသရှိရေဝေရေလဲသည် ရေဆင်းဧရိယာ ၁ ဒသမ ၅၀ စတုရန်းမိုင်ရှိပြီး ထိုရေများကို ထီသိမ်ရေကူရေလှောင်တမံဖြင့် သိုလှောင်ထိန်းသိမ်းပြီး ထီသိမ်ရေလှောင်ကန်သို့ ရေပို့လွှတ်ပေးလျက်ရှိသည်။

ထီသိမ်ကျောက်တန်းရေထွက်သည် တောင်ကြီးမြို့အရှေ့မြောက်ဘက် ကျောက်တန်းရွာတွင်တည်ရှိပြီး ရေဂါလန် တစ်သိန်း သိုလှောင်ထားနိုင်သည်။ ယင်းရေထွက်သည် တစ်နာရီဂါလန် သုံးသောင်းထွက်ရှိပြီး စဝ်စံထွန်း၊ မင်္ဂလာဦး၊ ရတနာသီရိ၊ ပြည်တော်သာ၊ ညောင်ဖြူစခန်း၊ ညောင်ရွှေဟော်ကုန်း၊ ပလီလင်း၊ မြေပြို၊ ဆင်နှစ်ကောင်၊ မြကန်သာ ရပ်ကွက်များနှင့် ပညာရေးကောလိပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ စဝ်စံထွန်းဆေးရုံတို့ကို တစ်နေ့လျှင်ရေဂါလန် သုံးသိန်းဖြန့်ဝေပေးလျက်ရှိသည်။

ပါမိုးနဲရေထွက်ရေကန်သည် တောင်ကြီးမြို့အရှေ့မြောက်ဘက် ရေအေးကွင်းရပ်၊ ဘုရားဖြူရွာအနီးတွင်တည်ရှိပြီး ရေဂါလန်တစ်သိန်း သိုလှောင်ထားနိုင်သည်။ ယင်းရေထွက်သည် တစ်နာရီ ဂါလန်သုံးထောင်ထွက်ရှိပြီး ရေအေးကွင်း၊ ဘုရားဖြူနှင့် သစ်တောရပ်ကွက်များရှိ လူဦးရေ ၃၂၀၀ အား တစ်နေ့လျှင် ရေဂါလန် ခြောက်သောင်းခန့်ဖြန့်ဝေပေးလျက်ရှိသည်။

ရေထွက်ဦးရေလှောင်ကန်သည် တောင်ကြီးမြို့ရေအေးကွင်းရပ် ရေထွက်ဦးလမ်းတွင်တည်ရှိပြီး ရေဂါလန် ငါးသန်း သိုလှောင်ထားနိုင်သည်။ ယင်းရေထွက်သည် တစ်နာရီဂါလန် ၂၅၀၀ နှုန်းထွက်ရှိပြီး ရေအေးကွင်း၊ ကန်ရှေ့၊ ကန်အောက်နှင့် ညောင်ရွှေဟော်ကုန်းရပ်ကွက်များရှိ လူဦးရေ ၁၄၀၀ အား တစ်နေ့လျှင် ရေဂါလန် သုံးသောင်းဖြန့်ဝေပေးလျက်ရှိသည်။

တောင်ကျောင်းကြီးကန်သည် ကျောင်းကြီးစုရပ်ကွက်တွင်တည်ရှိပြီး ရေဂါလန် တစ်သိန်းသိုလှောင်ထားနိုင်သည်။ ယင်းရေထွက်သည် တစ်နာရီ ဂါလန် နှစ်သောင်းထွက်ရှိပြီး မြို့မ၊ ဟော်ကုန်း၊ ဈေးပိုင်းနှင့် လမ်းမတော်ရပ်ကွက်ရှိ လူဦးရေ ၁၁၀၀ အား တစ်နေ့လျှင် ဂါလန် နှစ်သောင်းဖြန့်ဝေပေးလျက်ရှိသည်။

ဂနိုင်မိုးရေလှောင်ကန်သည် ကျောင်းကြီးစုရပ်ကွက်တွင်တည်ရှိပြီး ရေဂါလန် နှစ်သန်း သိုလှောင်ထားနိုင်သည်။ ယင်းရေကန်သည် မြို့မ၊ ကံသာ၊ စိန်ပန်း၊ ရွှေတောင်၊ ချမ်းမြသာစည်နှင့် ချမ်းသာရပ်ကွက်များရှိ လူဦးရေ ၃၃၅၀ အား တစ်နေ့လျှင် ရေဂါလန် ၃၇၀၀၀ ဖြန့်ဝေပေးလျက်ရှိသည်။

တောင်ကြီးမြို့ ရေပေးရေးစနစ်နှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေး ဌာနမှ အငယ်တန်းအင်ဂျင်နီယာ (၂)ဒေါ်သန္တာကျော်က “တောင်ကြီးမြို့မှာ တစ်နေ့ ရေလိုအပ်ချက်ဟာ လူတစ်ဦးကို တစ်ရက်ဂါလန် ၂၀ နှုန်းနဲ့ တွက်မယ်ဆိုရင် ရေဂါလန် ၂ ဒသမ ၆၂၃ သန်းလိုအပ်ပါတယ်။ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အနေနဲ့ မြို့ပေါ်ရပ်ကွက်အလိုက် ရေလိုအပ်ချက်အပေါ် မူတည်၍ တူးဖော်ထားတဲ့စက်ရေတွင်း ၁၈ တွင်းမှ အိမ်သွယ်ရေတိုင် ၁၇၉၀ တိုင်၊ အများသုံးရေတိုင် ခုနစ်တိုင်နဲ့ အများသုံးရေကန် ၂၈ ကန်သို့ ရေမောင်းထည့်ပေးပြီး ရပ်ကွက် ၂၀ ရှိ လူဦးရေ ၆၄၀၀၀ တို့အတွက် တစ်နေ့ရေဂါလန် ၁ ဒသမ ၂၇၉ သန်း ရေဖြန့်ဝေပေးထားပါတယ်၊ ပုဂ္ဂလိကလူမှုရေးအဖွဲ့အစည်းတွေအနေနဲ့ စက်ရေတွင်း ၁၇၇၄ တွင်း၊ လက်တူးတွင်း ၁၉၄၆ တွင်းနဲ့ သဘာဝရေထွက် ၁၀ ခုမှ လူဦးရေ ၃၂၀၀၀ အတွက် တစ်နေ့ရေဂါလန် သုည ဒသမ ၆၅ သန်း ရေပေးဝေပါတယ်။ မြကန်သာရေကန်အတွင်းရှိ ရေတင်စက်ဖြင့် ရေဂါလန်ငါးထောင်ခန့်ကို အုတ်ရေစင်ပေါ်သို့ရေတင်ပေးပြီး အရေးပေါ်အချိန်နဲ့ အရန်အချိန်တွေမှာ အဖွဲ့ပိုင်ရေတင်ယာဉ်တွေ၊ မီးသတ်ယာဉ်တွေနဲ့ ရေဖြန့်ဝေပါတယ်၊ ဂနိုင်ကန်ရေတင်စက်နှစ်စက်မှလည်း ရပ်တော်မူရေလှောင်ကန်သို့ ရေမောင်းတင်ပြီး အဲဒီမှ တစ်ဆင့် ရပ်ကွက်အတွင်းသို့ ရေဖြန့်ဝေပေးပါတယ်”ဟု ပြောပြသည်။

တောင်ကြီးမြို့သည် ဧရိယာ ၁၉၃၆ ဒသမ ၈၇၁ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်ရှိသည်။ အိမ်ခြေပေါင်း ၂၁၆၈၅ အိမ်ရှိပြီး လူဦးရေ ၁၃၁၁၉၇ ဦးနေထိုင်သည့် တောင်ပေါ်မြို့ တစ်မြို့ဖြစ်ပြီး ရေပေးဝေမှုအခြေအနေမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၄၈ ဒသမ ၇၆ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကလူမှုရေးအဖွဲ့အစည်းများမှ ၂၄ ဒသမ ၇၈ ရာခိုင်နှုန်း ဖြစ်ပြီး နေ့စဉ် ရေဂါလန်ပေါင်း ၁ ဒသမ ၉၂၉ သန်း(၇၃ ဒသမ ၅၄ ရာခိုင်နှုန်း) ပေးဝေလျက်ရှိပေသည်။ ။

# ပြည်ထောင်စုဝန်ကြီးများ တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေး

**ရန်ကုန် နိုဝင်ဘာ ၂၃**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် မြိတ်မြို့ ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံ၍**(ယာပုံ)** ပြည်ထောင်စုဝန်ကြီးများက လက်ရှိဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ၊ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအားလုံးက ဝိုင်းဝန်းကူညီဖော်ဆောင်ရေး၊ ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်




ပြည်သူအများ လိုလားတောင့်တနေသည့် မျှော်လင့်ချက်များ အကောင်အထည်ဖော်ဆောင်ရေး၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် အားလုံးပါဝင်ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်ကြသည့် ၁၀ မြို့နယ်မှ တာဝန်ရှိသူများက မိမိတို့မြို့နယ်၏ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုအပ်ချက်အခြေအနေများကို အကြံပြုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးမည့်လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ကြရန်နှင့် ဒေသ၏ တိုးတက်နိုင်မည့် အလားအလာများအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ကြိုတင်ပြင်ဆင်ထားကြရန် ထပ်မံအကြံပြုခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုအဖွဲ့များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများအပါအဝင် အင်အား ၄၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နှစ်(၅၀၀)ပြည့် ဂျူဘီလီပွဲတော် နောက်ဆုံးရက်ဆင်နွှဲ



**မြန်မာနိုင်ငံသို့ ကက်သလစ်သာသနာတော် စတင်ရောက်ရှိသည့် နှစ်(၅၀၀)ပြည့် ဂျူဘီလီပွဲတော်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းရာ ဝတ်ပြုခြင်းအခမ်းအနားသို့ ပုပ်ရဟန်းမင်းကြီး ကိုယ်စားလှယ်တော် ကြွရောက်စဉ်။**

(သတင်းစဉ်)

မြန်မာနိုင်ငံသို့ ကက်သလစ်(ခရစ်ယာန်)ဘာသာရောက်ရှိသည့် ၁၂၈၇ မှ နှစ်(၅၀၀)ပြည့် ဂျူဘီလီပွဲတော်၏ သုံးရက်မြောက် နောက်ဆုံးနေ့(ခရစတူးဘုရင်ပွဲ)ကို ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးအားကစားကွင်း၌ နိုဝင်ဘာ ၂၃ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ကျေးဇူးတင်မဏ္ဍားတရားတော်မြတ်ပူဇော်ခြင်းအတွက် အိန္ဒိယနိုင်ငံမှ ရဟန်းအမတ်ကာဒီနယ်ကြီး အော်ဖွဲဂရေးရှပ်က ဦးဆောင်ကာ အခမ်းအနားကို စတင်ခဲ့ပြီး မြန်မာနိုင်ငံကက်သလစ် ဆရာတော်ကြီးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပုသိမ်ကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော် ဂေးရှပ်ဂွန်မားရှေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ယင်းနောက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ထံမှ သဝဏ်လွှာကို ထိုင်းနိုင်ငံပါလီမန်ဆိုင်ရာ သံအမတ်ကြီးနှင့်မြန်မာနိုင်ငံဆိုင်ရာ ပုပ်ရဟန်းမင်းကြီး၏ကိုယ်စားလှယ် ဂိုဏ်းချုပ်ဆရာတော်ကြီး ပေါလ်ရှင်အန်နန်းက လည်းကောင်း၊ သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရက ကိုယ်တိုင်သဝဏ်လွှာကို လည်းကောင်း၊ နိုင်ငံတော်အကြီးအကဲများထံမှ သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတို့က လည်းကောင်း၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီမှ လည်းကောင်း၊ မြန်မာနိုင်ငံအစ္စလာမ်ဘာသာရေးအဖွဲ့အစည်းမှ လည်းကောင်း၊ မြန်မာနိုင်ငံဟိန္ဒူဘာသာရေးအဖွဲ့အစည်းမှလည်းကောင်း ဖတ်ကြားခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ဆက်လက်ပြီး အထွေထွေဆုတောင်းခြင်းကို တိုင်းရင်းသားဘာသာစကားများဖြင့် ဆုတောင်းပေးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကက်သလစ်ဘာသာဝင် တိုင်းရင်းသားညီအစ်ကိုများနှင့် ရင်းနှီးစွာတွေ့ဆုံခဲ့ရပြီး ပျော်ရွှင်မှုများ၊ နားလည်မှုများ မျှဝေ၍ နှစ် (၅၀၀) ပြည့်သည့် ဂျူဘီလီပွဲတော်တွင် ဝမ်းသာပီတိဖြစ်ခဲ့ရသည်များကို ဂျူဘီလီပွဲတော်ပြန်ကြားရေးတာဝန်ခံ ဖာသာ လီယိုမာက ယခုလိုပြောပြသည်။

“ကျွန်တော်တို့ရဲ့ ညီအစ်ကိုမောင်နှမတွေက သူတို့ရဲ့ကက်သလစ်ဘာသာသာသနာအပေါ်ထားတဲ့ ယုံကြည်ချက်တွေကို မျှော်မှန်းထားသည်ထက်အများကြီး အဝေးကနေ လာရောက်ပြီး သက်သေပြတယ်။ အခုလည်း ပွဲကြီးမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို အချင်းချင်းနားလည်ပေးလို့ ပွဲကြီးကိုအောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့တာပါ”ဟု ဖာသာ လီယိုမာက ပြောသည်။

“များပြားလှတဲ့ လူဦးရေကြောင့် အခက်အခဲတွေကြုံခဲ့ရပေမယ့် နိုင်ငံတော်အကြီးအကဲရဲ့ ကိုယ့်ပြည်သူပြည်သားတွေကို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခွင့်ပေးတဲ့အပြင် နိုင်ငံပိုင် သတင်းစာတွေမှာ အရေးတယူမေးမြန်း၊ ဖော်ပြပေးတဲ့အတွက် ကြည်နူးမိပါတယ်”ဟု ပြတိုက်တာဝန်ခံ ဖာသာဌေးလွင်က ပြောသည်။

“ကျွန်တော်တို့ ပထမမှန်းထားတာ လူ ၁၀၀၊ အလွန်ဆုံး ၂၀၀ ပေါ့။ နောက်တော့ ၃၀၀၊ ၅၀၀ မက ဖြစ်လာတယ်။ လူဦးရေများပြားတဲ့အတွက် အခက်အခဲတွေတော့ရှိတာပေါ့။ အထူးသဖြင့် နေရာအခက် အခဲပေါ့၊ အချင်းချင်းအဆင်မပြေတာလေးတွေအနည်းငယ်ရှိပေမယ့် ပြန်သွား တော့လည်း ကျေနပ်ပါတယ်၊ ဝမ်းသာပီတိဖြစ်ရပါတယ်ဆိုတော့ ကျေနပ်ရပါတယ်။ ခရစ်ယာန်ဘာသာက ဘာသာဝင်တွေကို ဆွဲခေါ်တယ်ဆိုပေမယ့် သူတို့ရဲ့စားဝတ်နေရေးတွေကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးခဲ့ပေမယ့် လိုအပ်ချက်တွေအများကြီး ရှိနေပါသေးတယ်။ ဘာသာပေါင်းစုံက နှုတ်ဆက်စကားပြောသွားတာလေးတွေ၊ သဝဏ်လွှာဖတ်ပြသွားတာတွေက သူတို့ရဲ့စိတ်ကောင်းရှိမှုနဲ့ စိတ်နေသဘောထားကို ပြသခဲ့ပါတယ်။ ပြီးတော့ ဘာသာတရားကို လွတ်လပ်ခွင့်ပေးတယ်။ သူလုပ်ချင်တာလုပ်၊ ငါလုပ်ချင်တာလုပ်လို့ ပစ်မထားဘဲ အရေးတယူစုံစမ်းမေးမြန်းဖော်ပြပေးတဲ့အတွက် နိုင်ငံပိုင်သတင်းစာတွေက တာဝန်ရှိသူတွေရဲ့စိတ်ဓာတ်တွေကိုလည်း လေးစားမိပါတယ်။ ကျွန်တော်က ရှေးဟောင်းသာသနာပြုသူတွေရဲ့မှတ်တမ်းတွေကို ပြုစုထိန်းသိမ်းပြီး ဘာသာတူသူတွေကော မတူသူတွေအားလုံးပါ သိရှိဖို့ ပြတိုက်ကိုတာဝန်ယူရတဲ့အတွက် ဝန်တော့ပိပါတယ်။ ဒါပေမယ့်လည်း အခုလိုပွဲတော်ကြီးအောင်အောင် မြင်မြင်ပြီးဆုံးသွားတဲ့အတွက် ဝမ်းသာပီတိမဆုံးအောင်ပါ”ဟု ဖာသာ ဌေးလွင်က ဆက်လက်ပြောကြားသည်။

နှစ် (၅၀၀)ပြည့် ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ခဲ့ပေမယ့် တစ်ပြည်လုံးအတိုင်းတာနဲ့ များပြားလှတဲ့လူထုကြီးကြောင့် နေရေး၊ စားရေး စီစဉ်ပေးရမှုနဲ့ သွားရေးလာရေးခက်ခဲမှုတွေကြုံတွေ့ခဲ့ရကြောင်းကို မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာရှီလာစန်းစန်းမြင့်က ယခုလိုပြောသည်။

“ကျွန်မတို့ ဒီနှစ်(၅၀၀)ပြည့်အတွက် ပြင်ဆင်နေတာကြာပါပြီ။ နီးလေနီးလေ ပိုပြင်လေပေါ့။ ဒါပေမယ့် ကျွန်မတို့ ပြဿနာက ဘာလဲဆိုတော့ တစ်ပြည်လုံး အတိုင်းအတာနဲ့ဆိုတော့ လူကဘယ်လောက်လာမလဲမသိဘူး။ ဒီလူအုပ်ကြီးဆံ့ဖို့၊ တည်းဖို့နဲ့ ကျွေးဖို့အတွက် အဓိကထားပြီးတော့ ကျွန်မတို့နေရာတွေငှားတယ်ရှင့်။ အောင်ဆန်းကွင်းတို့၊ သုဝဏ္ဏကွင်းတို့မှာ ရတယ်။ သူတို့ကို ဒီမှာကျွေးဖို့စီစဉ်ရတော့ စိန်ပေါလ်အခန်းရဲ့အုတ်တံတိုင်းကြီးကို ဖောက်ရတယ်ပေါ့။ ကြည့်လို့သာ လွယ်တယ်ထင်ရတာ။ အစည်းအဝေးမှာ အန်တီတို့ဒီလောက်များပြားတဲ့ လူအုပ်ကြီးကို ဘယ်လိုကျွေးမလဲ။ အလှူရှင်တွေကတော့ အများကြီးပဲ၊ ဒါပေမယ့် သူတို့ကပိုက်ဆံပဲပေးမှာ။ အဲဒီကနေပြီးတော့ စားစရာ ဖြစ်ဖို့ရယ်၊ ဝေပေးဖို့ရယ်ပေါ့၊ အဲဒါတွေလုပ်ရတာပါတယ်။ ကျွန်မ ဆရာဝန်တစ်ယောက်အနေနဲ့၊ ဘုရားကျောင်းက ဂေါပကလူကြီးတစ်ယောက်အနေနဲ့ အဲဒီလောက်ကလေးပဲ ပြောနိုင်ပေမယ့် ကျောင်းထိုင်ဘုန်းတော်ကြီးတို့၊ ဆရာတော်ကြီးတို့က ပိုပြီးလုပ်ရပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေအနေနဲ့ကတော့ အခုလာတဲ့သူတွေက ကချင်ပြည်နယ်က လူတွေများတယ်။ လူအုပ်ကြီးထဲမှာ တိုးနေရတော့ အများစုက ခေါင်းမူးကြတယ်။ တချို့ကျတော့ ရောဂါအခံနဲ့ လာတဲ့သူတွေ၊ တချို့ကျတော့ အနာတွေနဲ့ပေါ့။အားလုံးကို ကျန်းမာရေးစောင့်ရှောက်မှုအများကြီးပေးပြီး ကုပေးရတာပေါ့။ မိမယ်ဆိုရင် နောက်နှစ်(၅၀၀)ကို ကြုံချင်ပါသေးတယ်”ဟု ပွဲတော်အတွင်း ကြုံတွေ့ခဲ့ရသည်များနှင့် ပတ်သက်၍ ဒေါက်တာရှီလာစန်းစန်းမြင့်က ပြောသည်။

မြစ်ကြီးနား၊ ဗန်းမော်မှ ရန်ကုန်ထိလာရောက်ကာ နှစ် (၅၀၀) ပြည့် ဂျူဘီလီပွဲတွင် ကချင်လူမျိုးတို့ရဲ့ ရိုးရာ မနောအကနဲ့ တစ်တပ်တစ်အားပါဝင်ခဲ့ရတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ဒီပွဲတော်ကြီးမှာ နိုင်ငံတော်အကြီးအကဲတွေကလည်း သဝဏ်လွှာတွေပေးပို့ ဖတ်ကြားကြတဲ့အတွက် ဝမ်းသာမိတယ်လို့ ကချင်လူမျိုး ဦးလွင်သိန်းအောင်က ပြောသည်။

“ဂျူဘီလီဆိုတာ နှစ် (၅၀၀) ပြည့် ဘုရားသခင်ကို ကျေးဇူးတင်တဲ့အခမ်းအနားပေါ့။ ဒါကို ကျွန်တော်တို့ ကချင်လူမျိုးတွေရဲ့ ရိုးရာအကအများကြီးထဲမှာမှ အမြင့်မြတ်ဆုံး မနောအကနဲ့ ဘုရားသခင်ကို ကောင်းချီးမင်္ဂလာ ချီးကျူးပြီး ကျွန်တော်တို့တွေလည်း ကုသိုလ်ကောင်းမှုတွေအများကြီးရအောင် ရည်ရွယ်တာပါ၊ ကျွန်တော်တို့ညီအစ်ကို မောင်နှမတွေ တစုတဝေးတည်း မြင်တွေ့ကြရတယ်။ လူမျိုးရေးမခွဲခြားဘဲ စည်းလုံးကြတယ်။ နိုင်ငံတော်ကလည်း အစစအရာရာ အဆင်ပြေအောင်ဆောင်ရွက်ပေးတဲ့အပြင် သဝဏ်လွှာတွေဖတ်ကြားပေးခဲ့တဲ့အတွက်များစွာပီတိဖြစ်ရပါတယ်”ဟု ဦးလွင်သိန်းအောင်က ပြောသည်။

“ဘုရားသခင်ရဲ့ကျေးဇူးတော်နဲ့ ဒီပွဲကိုတက်ရောက်ခွင့်ရတဲ့အပြင် ပုပ်ရဟန်းမင်းကြီးရဲ့ ကိုယ်စားလှယ်တော်ရဲ့ကောင်းချီးကိုပါ ခံခဲ့ရတဲ့အတွက် အဝေးကြီးကနေလာရောက်ရပေမယ့်လည်း ကျေနပ်မိပါတယ်”ဟု မြစ်ကြီးနား၊ဗန်းမော်မှ ကချင်တိုင်းရင်းသူ မဘရစ်ဂျစ်ကိုင်ဂျားက ယခုလိုပြောသည်။

“ညီမတို့ ရန်ကုန်ကို တစ်ခါမှမရောက်ဖူးပါဘူး။ ဘုရားသခင်ရဲ့ ကောင်းချီးပေးမှုကြောင့် ပထမအကြိမ်လာရောက် ဖြစ်တာပါ။ ပြီးတော့ နိုင်ငံခြားကလာတဲ့ ကာဒီနယ်တွေနဲ့ တွေ့ရတော့ အရမ်းကိုပျော်ပါတယ်”ဟု မဘရစ်ဂျစ်ကိုင်ဂျားက ၎င်း၏ခံစားချက်ကို ပြောသည်။

“အဘိုးအဘွားတွေတောင် မကြုံတွေ့ခဲ့ရတဲ့ ထူးခြားတဲ့ပွဲတော်မှာ ဘုရားသခင်ရဲ့ ကောင်းချီးကြောင့် ကြုံတွေ့ခဲ့ရတာပါ” ဟု မော်လမြိုင်မှ ကရင်တိုင်းရင်းသူလေး မနော်ဖြူဖြူနွယ်က ပြောသည်။

“ညီမလေးတို့ တစ်သက်မှာတစ်ခါပဲ ကြုံဖူးတာဖြစ်တဲ့အတွက်ကြောင့်မို့ နောက်လည်းဘယ်တော့မှ ဒီလိုကြုံဖြစ်တော့မှာမဟုတ်ဘူး၊ နောင်နှစ် ၁၀၀၀ ဆိုလည်း ညီမလေးတို့က အသက်ရှိတော့မှာလည်း မဟုတ်ဘူးလေ။ ဒီလို ကြုံရတဲ့အတွက် ညီမလေးပျော်မိပါတယ်”ဟု စတုတ္ထတန်းကျောင်းသူလေး မနော်ဖြူဖြူနွယ်က ပြောသည်။

မြန်မာနိုင်ငံတွင် ကက်သလစ်ခရစ်ယာန်ဘာသာကို သာသနာပြုလုပ်ဆောင်ခဲ့ကြရာမှ ယခုအခါ အနယ်နယ်အရပ်ရပ်တွင် သာသနာပြုခြင်းဆိုင်ရာကိစ္စရပ်များကို ဦးဆောင်လမ်းညွှန်မှုများ ပြုလုပ်ခဲ့ကြသည်။ တိုင်းရင်းသားဆရာတော်များ ဦးဆောင်သည့်နယ် ၁၆ နယ်အထိ ရှိလာခဲ့ပြီး ဆရာတော်ကြီး ၈၃ ပါး၊ ရဟန်းအပါး ၉၀၀ ကျော်၊ ကိုရင်အပါး ၂၅၀၊ သီလရှင် ၂၀၀၀ ကျော်နှင့် ခရစ်ယာန်ဘာသာဝင်ဦးရေ ခုနစ်သိန်းကျော်ထိရှိလာပြီဖြစ်သည်။ **(ခင်ဇာလီ)**

---

**✾ စာဆိုတော်နေ့မှ**

ထို့နောက် သက်ကြီးပညာရှင်များပူဇော်ကန်တော့ပွဲသို့ နိုင်ငံတော်သမ္မတက အလှူငွေကျပ် ၁၀ သိန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လှူဒါန်းသော ငွေကျပ် ၁၈ သိန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ငွေကျပ် ၁၀ သိန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အလှူငွေကျပ် ငါးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၁၀ သိန်းနှင့် အခြားအလှူရှင်များလှူဒါန်းသည့် အလှူငွေနှင့်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ လယ်တွင်းသားစောချစ်က လက်ခံသည်။

ကန်တော့ခံသက်ကြီးစာပေပညာရှင်များအား လှူဒါန်းသည့် အလှူရှင်စာရင်းကို မြန်မာနိုင်ငံစာရေးဆရာအသင်း ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ဖတ်ကြားခဲ့ရာ အလှူငွေစုစုပေါင်း ၃၁၉ သိန်း သုံးသောင်း ငါးထောင်ရရှိခဲ့ပြီး ပစ္စည်းတန်ဖိုး စုစုပေါင်း ၂၆ သိန်းကျော်ရရှိခဲ့ကြောင်းသိရသည်။ **(သီသီမင်း)**

---

**○ ကျောဖုံးမှ**

ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ခုနစ်မိနစ်တွင် နန္ဒလင်းကျော်ချစ် အပိုင်ခေါင်းတိုက် ခွင့်ရရှိခဲ့သော်လည်း လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ မလေးရှားအသင်း၏ ကစားပုံမှာလည်း သာမန်သာရှိ၍ မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့သော်လည်း မြန်မာကစားသမားများမှာ တစ်ဦးချင်းကစားနေ၍ မလေးရှားဂိုးပေါက်ကို မခြိမ်းခြောက်နိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင်လည်း တစ်ယောက်အသာရထားသည့် မြန်မာအသင်းက ခြေအသာရခဲ့သော်လည်း ထိရောက်သည့် ခြိမ်းခြောက်နိုင်မှုမျိုးမလုပ်နိုင်ခဲ့ပေ။ မြန်မာအသင်းနည်းပြ အေဗရာမိုဗစ်မှာလည်း လူစားလဲမှုများကို မိနစ် ၈၀ ကျော်ဝန်းကျင်မှပြုလုပ်ခဲ့၍ ကစားကွက်မှာ သိသိသာသာပြောင်းလဲခဲ့ခြင်း မရှိပေ။ အမှတ်ပြည့်ရသင့်သည့်ပွဲတွင် သရေတစ်မှတ်သာရရှိခဲ့သည့် မြန်မာအသင်းမှာ နောက်တစ်ဆင့်တက်ရေး နောက်နှစ်ပွဲတွင် ရုန်းကန်ရတော့မည် ဖြစ်သည်။ မြန်မာအသင်းမှာ နိုဝင်ဘာ ၂၆ ရက်တွင် စင်ကာပူအသင်းနှင့် ကစားရမည်ဖြစ်သည်။

ဒုတိယပွဲအဖြစ် စင်ကာပူအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ မြန်မာနှင့်မလေးရှားပွဲကို မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တစ်နာရီနောက်ကျပြီးမှ ကစားခဲ့ရသည်။

---

## ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ စုပေါင်းလှူဒါန်း

**အုတ်ဖို နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် လက်ပံတောလယ်ဦးကျေးရွာအုပ်စု လယ်ဦးစုကျေးရွာအလယ်တန်းကျောင်းခွဲ၌ ကျောင်းသားဟောင်းကြီးများက ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများစုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က အမှာစကား ပြောကြားပြီး ကျောင်းသားဟောင်းများကိုယ်စား ကြေးမုံသတင်းစာအလွတ်သတင်းထောက် ဦးကြည်ခ (ဆရာခ)က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ၄၄၁၀၀၀ တန်ဖိုးရှိစာအုပ်ရေ ၂၅၅၂ အုပ်ကို လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းထိုက်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်၊ မူလတန်းကျောင်းနှစ်ကျောင်း၊ မူလတန်းလွန်ကျောင်းတစ်ကျောင်း၊ လယ်ဦးစုအလယ်တန်းကျောင်းခွဲတို့မှ အကျိုးတော်ဆောင်များနှင့် မိဘဆရာအသင်းအမှုဆောင်များ စုစုပေါင်း ၁၀၀ ကျော်တက်ရောက်ခဲ့သည်။ **(ဝ၅၅)**

# အမျိုးသားပညာရေးဥပဒေ၏ နည်းဥပဒေ၊ ဆက်စပ်ဥပဒေနှင့် တက္ကသိုလ်ပဋိညာဉ်များ ရေးဆွဲရေးအစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

အမျိုးသားပညာရေးဥပဒေ၏ နည်းဥပဒေ၊ ဆက်စပ်ဥပဒေနှင့် တက္ကသိုလ်ပဋိညာဉ်များရေးဆွဲရေး အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ တက်ရောက်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်သည့် ပညာရေးဖော်ဆောင်ရေး၊ အေးချမ်းစွာ ပညာသင်ကြားရေး၊ ခိုင်မာသော အမျိုးသားပညာရေးစနစ်ဖြစ်ထွန်းရေး၊ မကြာမီကာလအတွင်း အဆင့်မြင့်ပညာဥပဒေ၊ နည်းဥပဒေမူကြမ်းများကို ရေးဆွဲပြီး ပြည်သူများထံသို့ ထုတ်ပြန်တင်ပြနိုင်ရေး စသည်များကိုဆောင်ရွက်နိုင်ရန် ဆွေးနွေးပြောကြားသည်။

ယနေ့ ဒုတိယနေ့အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ အဆင့်မြင့်ပညာကဏ္ဍနှင့်နှီးနွယ်သည့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေး ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) အောက်ရှိ တွဲဖက်ဌာနများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်များ၏ ပညာရပ်ဆိုင်ရာ၊ အုပ်ချုပ်မှုဆိုင်ရာများနှင့် တက္ကသိုလ်များတွင် ဥပဒေနှင့်အညီ အသင်းအဖွဲ့များ ဖွဲ့စည်းရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်ထူးချွန်ဝင်ခွင့်ရစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်ထူးချွန်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများစာရင်းကို အဆိုပါတက္ကသိုလ် ကျောင်းသားရေးရာဌာန၌ ထုတ်ပြန်ကြေညာထားသည်။

ဝိဇ္ဇာ/သိပ္ပံဘာသာရပ်ထူးချွန်အလိုက် ဝင်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူဦးရေမှာ ဓာတုဗေဒ ၂၃ ဦး၊ ရူပဗေဒ ၅၀၊ သချာ် ၄၈ ဦး၊ သတ္တဗေဒ ၅၁ ဦး၊ ဘူမိဗေဒ ၅၀၊ ရုက္ခဗေဒ ၅၃ ဦး၊ ကုန်ထုတ်ဓာတုဗေဒ ၅၁ ဦး၊ ကွန်ပျူတာသိပ္ပံ ၁၅ ဦး၊ မြန်မာစာ ၄၀၊ မြန်မာမှုနှစ်ဦး၊ အင်္ဂလိပ်စာ ၁၅ ဦး၊ ပထဝီ ၅၁ ဦး၊ သမိုင်း ၁၄ဦး၊ စိတ်ပညာ ၂၅ ဦး၊ ဥပဒေပညာ ၄၁ ဦး၊ ဒဿနိက ၂၀၊ အရှေ့တိုင်းပညာ သုံးဦး၊ နိုင်ငံတကာဆက်ဆံရေး ၅၃ ဦး၊ နိုင်ငံရေးသိပ္ပံ ၁၁ ဦးနှင့် မနုဿဗေဒ ၁၁ ဦး၊ ရှေးဟောင်းသုတေသန ၁၈ ဦးတို့ဖြစ်သည်။

ယခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌တက်ရောက်ရန် ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်ထူးချွန်အလိုက် လျှောက်ထားသော ကျောင်းသား ကျောင်းသူများအနက် ရရှိသော ဝင်ခွင့်အမှတ်များမှာ ဓာတုဗေဒဘာသာရပ်၌ ရမှတ် ၄၉၆ မှ ၄၅၇ အထိ၊ ရူပဗေဒ ၅၁၂ မှ ၄၅၈ မှတ်အထိ၊ သချာ် ၅၀၅ မှ ၄၅၁ မှတ်အထိ၊ သတ္တဗေဒ ၄၉၄ မှ ၄၄၅ မှတ်အထိ၊ ဘူမိဗေဒ ၄၇၀ မှ ၄၄၀ မှတ်အထိ၊ ရုက္ခဗေဒ ၄၇၀ မှ ၄၃၃ မှတ်အထိ၊ ကုန်ထုတ်ဓာတုဗေဒ ၄၈၆ မှ ၄၅၀ မှတ်အထိ၊ ကွန်ပျူတာသိပ္ပံ ၅၀၄ မှ ၄၇၁ မှတ်အထိ၊ မြန်မာစာ ၄၇၅ မှ ၄၃၁ မှတ်အထိ၊ မြန်မာမှု ၄၆၅ မှ ၄၃၉ မှတ်အထိ၊ အင်္ဂလိပ်စာ ၅၁၄ မှ ၄၉၅ မှတ်အထိ၊ ပထဝီ ၄၆၇ မှ ၄၁၃ မှတ်အထိ၊ သမိုင်း ၄၅၇ မှ ၄၁၀ မှတ်အထိ၊ စိတ်ပညာ ၄၈၅ မှ ၄၂၂ မှတ်အထိ၊ ဥပဒေပညာ ၄၉၉ မှ ၄၇၁ မှတ်အထိ၊ ဒဿနိက ၄၆၀ မှ ၃၉၆ မှတ်အထိ၊ အရှေ့တိုင်းပညာ ၄၂၅ မှ ၄၁၁ မှတ်အထိ၊ နိုင်ငံတကာဆက်ဆံရေး ၅၂၉ မှ ၄၇၈ မှတ်အထိ၊ နိုင်ငံရေးသိပ္ပံ ၅၂၄ မှ ၄၇၀ မှတ်အထိ၊ မနုဿဗေဒ ၄၄၃ မှ ၄၀၁ မှတ်အထိနှင့် ရှေးဟောင်းသုတေသန ၄၈၂ မှ ၄၃၁ မှတ်အထိတို့ ဖြစ်ကြသည်။

ယခုနှစ်မှစ၍ပါရှိသော မြန်မာမှုဘာသာထူးချွန်အပါအဝင် ဝိဇ္ဇာ/သိပ္ပံဘာသာရပ် ထူးချွန်ကျောင်းသားကျောင်းသူ စုစုပေါင်း ၆၄၅ ဦး ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိသည်။

**(ခင်ချိုဝင်း)**



# မူကြိုကလေးသူငယ်များ ဖျော်ဖြေ

**ရန်ကုန် နိုဝင်ဘာ ၂၃**

နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံသဘောတူစာချုပ် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို လှိုင်သာယာမြို့နယ် စက်မှုဇုန် မိုးလုံလေလုံခန်းမ၌ နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ မြို့နယ်ကလေးသူငယ်အခွင့်အရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာများမှ မူကြိုအရွယ်ကလေးငယ် ဖျော်ဖြေရေးအဖွဲ့ဝင်များဖြင့် ခန်းမပြည့်စည်ကားခဲ့ကြောင်း သိရသည်။

**(၃၂၉)**

# ပွင့်ဖြူမြို့နယ်တွင် ဆည်ရေပေးသည့် မြောက်မုန်းမြောင်းမကြီး မြောင်းပေါင်ကျိုးကျသဖြင့် မိုးစပါးဧက ၃၀၀ ကျော် ပျက်စီး

**ပွင့်ဖြူ နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျေးရွာအုပ်စု ရွှေဘိုရွာသစ်ကျေးရွာအနီးရှိ ဆည်ရေပေးဝေလျက်ရှိသည့် မြောက်မုန်းမြောင်းမကြီး RD 67 နှင့် RD 68 ကြား မြောင်းပေါင်သည် နိုဝင်ဘာ ၂၀ ရက် နံနက် ၁ နာရီခွဲခန့်က အလျားပေ ၂၀ ခန့် ကျိုးကျသွားခဲ့သဖြင့် အနီးအနားရှိ တောင်သူများ၏ လယ်မြေများရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။

ရေလွှမ်းမိုးခဲ့သည့် တောင်သူများ၏ မိုးစပါးစိုက်ခင်းများအား နိုဝင်ဘာ ၂၂ ရက်က မြို့နယ်မြေစာရင်းဦးစီးမှူး ဦးပိုင်သူရချိုနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှိုင်မြင့်၊ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးရဲထွဋ်အောင်တို့ ပါဝင်သည့်အဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မိုးစပါးဧက စုစုပေါင်း ၃၁၇ ဧက ရေဝင်ပျက်စီးခဲ့ကြောင်း သိသည်။

**(ကျော်ဇေယျ)**

■



ပြည်တွင်းရေးရာ

# အလုံမြို့နယ် ဦးမြငါးစင်သမ္ဘန်ဆိပ် ပြောင်းရွှေ့မှုအပေါ် ဆန္ဒပြတောင်းဆိုမှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်း



**ရန်ကုန်　နိုဝင်ဘာ ၂၃**

နိုင်ငံတကာသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်မည့် အမှတ်(၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း တည်ဆောက်ရန်အတွက် စီမံကိန်းလုပ်ငန်းခွင်နှင့် မလွတ်ကင်းသည့် ဦးမြငါးစင်ကူးတို့ဆိပ် ရွှေ့ပြောင်းပေးခဲ့မှုနှင့် အဆိုပါ ကူးတို့ဆိပ်ကို MECမှ ကာရံပိတ်ဆို့ထားမှုကြောင့် ကျောင်းသားများ ကျောင်းတက်ပျက်ကွက်ခြင်းနှင့် ပတ်သက်၍ ဒေသခံကျောင်းသားမိဘအချို့ တောင်းဆိုမှုများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးပြီးသည့် အချက်အလက်များကို နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။**(ယာပုံ)**

ဆိပ်ကမ်းစီမံကိန်းနှင့်မလွတ်ကင်းသည့် ဦးမြငါးစင်ကူးတို့ဆိပ်ကို သက်ဆိုင်ရာက နိုဝင်ဘာ ၈ ရက် ညပိုင်းတွင် ခြံစည်းရိုးခတ်လိုက်ခြင်းကြောင့် အဆိုပါ ကူးတို့ဆိပ်မှတစ်ဆင့် အလုံမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ ကျောင်းသွားတက်သည့်ကလေးငယ်များ အခက်အခဲဖြစ်ခဲ့ခြင်းနှင့် ယင်းဖြစ်ရပ်အပေါ် ကျောင်းသားမိဘအချို့က တောင်းဆိုမှုများပြုလုပ်ခဲ့ခြင်းအပေါ် ညှိနှိုင်းပေးခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြတ်ကျော်ကျော်က "ဒီကူးတို့ဆိပ်ကို ဘာကြောင့်ပြောင်းခဲ့လဲဆိုရင် ရန်ကုန်မြို့ကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် MEC က ဦးဆောင်လုပ်တဲ့နေရာမှာ ဒီသမ္ဘန်ဆိပ်က မလွတ်ကင်းတဲ့အတွက် အန္တရာယ်ရှိနေလို့ ပြောင်းရွှေ့ပေးခဲ့တာဖြစ်ပါတယ်။ ကျောင်းသားမိဘအချို့က တောင်းဆိုမှုရှိခဲ့ပြီး အခြားကဏ္ဍတွေကလည်း ဝင်ရောက်စွက်ဖက်တာမျိုးမရှိရအောင်၊ မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်ရအောင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ထပ်ပြီးလဲ ညှိနှိုင်းပေးဦးမှာပါ။ ကျောင်းမတက်တဲ့ ကျောင်းသားတွေက အကုန်မဟုတ်ပါဘူး။ ဦးမြငါးစင်ရပ်ကွက်က ကလေးတွေပါ"ဟု ပြောကြားသည်။

သက်ဆိုင်ရာမှ သံဆူးကြိုးကာရံခြင်းကြောင့် ကျောင်းမတက်နိုင်သည့်ကလေးများအား ကျောင်းသုံးရက်ပျက်လျှင် ကျောင်းထုတ်မည်ဟူသော ထွက်ပေါ်လာသည့်သတင်းများနှင့် ပတ်သက်၍ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူ ဦးကျော်စွာသွင်က "ကျောင်းသုံးရက်ပျက်ရင် ကျောင်းထုတ်မယ်ဆိုတာမဟုတ်ပါဘူး။ လွတ်သွားတဲ့ကျောင်းစာတွေကိုတောင် ပြန်လည်သင်ကြားပေးဖို့ ကျောင်းအုပ်ဆရာမကြီး ကိုယ်တိုင် ကျောင်းသားကလေးငယ်တွေဆီသွားရောက်ခေါ်ဆောင်ခဲ့ပါတယ်။ အချို့မိဘတွေက ခွင့်မပြုဘူး။ ဒါနဲ့ ဆရာမတွေ စိတ်မကောင်းဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ရပ်မိရပ်ဖနဲ့ကျောင်းသားမိဘအချို့ကို သွားရောက်ညှိနှိုင်းခဲ့ပါတယ်။ ကလေးတွေကို ဒိုင်းသဖွယ်ပြုလုပ်ခံရတာလို့ ကျွန်တော်ယူဆပါတယ်။ စီမံကိန်းနဲ့မလွတ်ကင်းတဲ့ အိမ်ထောင်စုတွေကိုလည်း နေရာချထားပေးပြီးဖြစ်ပါတယ်" ဟု ပြောပြသည်။

စီမံကိန်းနယ်မြေအတွင်း မလွတ်ကင်းသည့် ချောင်ဝိုင်းလေးကူးတို့ဆိပ်အား မောင်လေးချောင်းအနီး စနစ်တကျ ပြောင်းရွှေ့ပြုလုပ်ထားပါ၍ မိဘပြည်သူများအနေဖြင့် ထိုနေရာများမှသာ ဖြတ်သန်းသွားလာကြပါရန် ဆိုင်းဘုတ်များ စိုက်ထူထားပြီးဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အတွင်းရေးမှူး ဦးမြတ်ကျော်ကျော်နှင့် တာဝန်ရှိသူများ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် MEC မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော စာနယ်ဇင်းအသီးသီးမှသိလိုသည့်အချက်များကို ဖြေကြားခဲ့ကြသည်။

**သတင်း-အောင်ကျော်ဦး**
**ဓာတ်ပုံ-ခင်မောင်ဝင်း**



**ရန်ကုန်မြောက်ပိုင်းခရိုင် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးအေးကျော်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးဦးနှင့် လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများ နိုဝင်ဘာ ၁၆ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၁၈)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းမကြီးတစ်လျှောက် မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သွယ်တန်းချိတ်ဆက်ထားသည့် အရွယ်အစားသေးငယ်သော ဓာတ်အားလိုင်းကြိုးများအား လဲလှယ်တပ်ဆင်ပေးစဉ်။**

မင်းထက်ပိုင်(လှိုင်သာယာ)



**အားကစား**

# အာဆင်နယ်၏အားနည်းချက်ကို မန်ယူသိရှိခဲ့ဟု ရွှန်းနီဆို



အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့သည် ပရီမီယာလိဂ်ပွဲစဉ် (၁၂)အဖြစ် အာဆင်နယ်အသင်း၏ အမ်းမရိတ်ကွင်းကြီးထဲတွင် ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက အာဆင်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်၌ မန်ယူအသင်းတွင် ဖယ်လ်ကာအို၊ ရိုဂျိုနှင့်ဘလိုင်းတို့ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့သကဲ့သို့ အာဆင်နယ်တွင်လည်း အိုဇေးလ်၊ ဒီဘူချီနှင့်ကိုစီယယ်နီတို့ ဒဏ်ရာကြောင့် မပါဝင်နိုင်ခဲ့ပေ။

သို့ရာတွင် အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းသည် အိမ်ကွင်းဖြစ်သော်လည်း ဧည့်သည်မန်ယူအသင်း၏ ဦးဆောင်ဂိုးသွင်းယူမှုကို ခံခဲ့ရပြီး သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့ပြီးနောက် မန်ယူအသင်းက အာဆင်နယ် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ အနိုင်သုံးမှတ်အပြည့်ရယူနိုင်ခဲ့သည်။ ယင်းပွဲစဉ်တွင် မန်ယူအသင်းအတွက် အသင်းခေါင်းဆောင် ရွှန်းနီက တစ်ဂိုးဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ကီရန်ဂစ်၏ ကိုယ့်ဂိုးကိုယ် သွင်းမိခြင်းကြောင့် မန်ယူအသင်း နှစ်ဂိုးရရှိခဲ့ခြင်းဖြစ်ကာ အာဆင်နယ်အတွက် ခြေပဂိုးကို မိနစ် ၉၀ ရောက်မှသာ တိုက်စစ်မှူး ဂီရောက်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ယခုပွဲစဉ်တွင် အာဆင်နယ်၏ အားနည်းချက်ကို မန်ယူသိရှိခဲ့ကြောင်း တိုက်စစ်မှူး ရွှန်းနီက ထုတ်ဖော်ပြောကြားခဲ့သည်။

**(ငွေကြယ်)**

# အဲဗာတန်နောက်ခံလူ ကိုးလ်မန်းအားခေါ်ယူရန် ချယ်လ်ဆီးပြင်ဆင်

အင်္ဂလန်ထိပ်သီးကလပ် ချယ်လ်ဆီးအသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏ ခံစစ်ကိုအားဖြည့်ရန်အတွက် အဲဗာတန်အသင်း၏ အိုင်ယာလန်နောက်ခံလူ ဆီးမက်စ်ကိုးလ်မန်းအားခေါ်ယူရန်ပြင်ဆင်နေကြောင်းသိရသည်။ ချယ်လ်ဆီးအသင်းမှာ ကိုးလ်မန်းအတွက်ပေါင်သန်း ၂၀ ခန့်အသုံးပြုရန်ပြင်ဆင်နေပြီး စာချုပ်ချုပ်ဆိုဖြစ်ခဲ့ပါက တစ်ပတ်လုပ်ခပေါင် ၈၀၀၀၀ အထိပေးချေသွားရန် အသင့်ရှိနေကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုမှာ အသင်း၏



ညာနောက်ခံနေရာတွင် အိုင်ဗန်နိုဗစ်နှင့် ယှဉ်ပြိုင်စေရေး ကိုးလ်မန်းအားခေါ်ယူရန် စီစဉ်နေခြင်းဖြစ်ပြီး အခြားအသင်းများထက် ကြိုတင်လက်ဦးမှုရယူကာပြင်ဆင်နေခြင်းလည်းဖြစ်သည်။ အသက် (၂၆)နှစ်အရွယ်ရှိ အိုင်ယာလန်လက်ရွေးစင်နောက်ခံလူ ကိုးလ်မန်းအား ချယ်လ်ဆီးအသင်းအပြင် စီးရီးအေထိပ်သီးကလပ်အသင်းအချို့ကလည်း ခေါ်ယူရန်စိတ်ဝင်စားနေခြင်းဖြစ်သည်။ အဲဗာတန်အသင်းမှာ ၎င်းအားအသင်းတွင်ဆက်လက်ထိန်းသိမ်းရန် ဆန္ဒရှိနေသော်လည်း မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်ကမ်းလှမ်းလာပါက ရောင်းထုတ်သွားဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ ကိုးလ်မန်းမှာ အဲဗာတန်အသင်းသို့ ၂၀၀၉ ခုနှစ်က ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ၁၂၆ ပွဲပါဝင်ကစားကာ ၁၂ ဂိုးသွင်းယူပေးခဲ့သူဖြစ်ကြောင်း သိရသည်။

**(ကိုရဲ)**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## နိုဝင်ဘာ ၂၅ ရက် ဥရောပလိဂ်ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၂**

| | | | |
|---|---|---|---|
| ဗီလာ | - | ဆောက်သမ်တန် | ည-၉း၃၀ |

**လာလီဂါ ပွဲစဉ်-၁၂**

| | | | |
|---|---|---|---|
| ဂရန်နာဒါ | - | အယ်မာရီယာ | နံနက်-၂း၁၅ |

**စီးရီးအေ ပွဲစဉ် - ၁၂**

| | | | |
|---|---|---|---|
| ဂျီနိုအာ | - | ပါလာမို | နံနက်-၂း၁၅ |

## ပရီမီယာလိဂ် ပွဲစဉ်-၁၂ အနိုင်/အရှုံး ရလဒ်

| | | | | |
|---|---|---|---|---|
| ခရစ္စတယ်ပဲလေ့ | ၃ | - | ၁ | လီဗာပူး |

## စီးရီးအေ ပွဲစဉ်-၁၂ အနိုင်/အရှုံး ရလဒ်များ

| | | | | |
|---|---|---|---|---|
| တိုရီနို | ၀ | - | ၁ | ဆာစူအိုလို |
| ဆီစီနာ | ၁ | - | ၁ | ဆမ့်ဒိုးရီးယား |
| ဗီရိုနာ | ၁ | - | ၂ | ဖီအိုရင်တီးနား |
| နာပိုလီ | ၃ | - | ၃ | ကယ်ဂလီယာရီ |
| ပါးမား | ၀ | - | ၂ | အမ်ပိုလီ |
| အူဒီးနီးစ် | ၁ | - | ၁ | ခီယေဗို |

**မောင်မောင်ဇော်**

# ကြံခင်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ကြံခင်း နိုဝင်ဘာ ၂၃**

ကျေးလက် အားကစားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘောလုံးအဆင့်အတန်းတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၄ခုနှစ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်နှင့်ကျေးရွာအုပ်စု အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ၂၁ ရက် မွန်းလွဲ ၂ နာရီက ကြံခင်းမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် မြို့နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးနေလင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မြို့မိမြို့ဖ အသင်းနှင့် ဌာနဆိုင်ရာအသင်း၊ မြို့နယ် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် World Vision အသင်းတို့က ချစ်ကြည်ရေးပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါ ပြိုင်ပွဲသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင်အသင်း ၃၅ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းနှင့် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ် သုံးသိန်းချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**














# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အင်ကြင်းမြိုင်အိမ်ရာနေ
ဦးကျော်သန့်-ဒေါ်စန္ဒာစော တို့၏သား

**ဝင်းကျော်အောင် (B.Sc, D.S.A)**

ညွှန်ကြားရေးမှူး၊ နိုင်ငံတော်သမ္မတရုံး

နှင့်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်-၃၅၊ ၄၅ လမ်းနေ
(ဦးခွန်အို)[ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးရာဝန်ကြီးဌာန]-ဒေါ်ခင်အေးမြ တို့၏သမီး

**နန်းကေသီ B.A(I.R)**
**Country Manager (Malaysia)**
**Myanmar Airways International**

တို့၏ ၂၃-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) ရန်ကုန်မြို့ (Chatrium Hotel)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပါယ်ပန်းကုံး ဆင်မြန်းပေးပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဇနီးဒေါ်နီနီ၊ လက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Dr.သန်းအောင်နှင့်ဇနီး၊ ပါမောက္ခ Dr.ဒေါ်ဝင်းဝင်းမြတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှအရာရှိကြီးများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးပါသော မဇူလိုင်ကိုကို၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်အဖြစ်ဆောင်ရွက်ပေးပါသော မနိုနိုမြဒင်၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးပါသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ ဓာတ်ပုံ၊ ဗီဒီယို၊ Pre Wedding Photo ရိုက်ကူးပေးပါသော Forever (Wedding Dress & photo Studio) ပန်းအလှဆင်မြန်းပေးပါသော မနီလာ(Eternal Flowers)၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော မပိုးအိစံ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေဧည့်ခံပေးပါသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော (Aroma Zulu) တို့အားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှကူညီဆောင်ရွက်ပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဝင်းကျော်အောင်-နန်းကေသီ


A member of
SHWE TAUNG GROUP
Developed by
Shwe Taung Property
Shwe Taung Property
မိတ်ဆက်ပွဲ နှင့် အိမ်ရာအရောင်းပြပွဲ
GREAT SALE & DOUBLE CHANCE
Nov 30th @ Sedona Hotel Mandalay
WIN 15% OFF A PURCHASE &
WIN A BMW 5 SERIES
(Terms & Conditions Apply)
Public Show Time
မွန်းလွဲ (၁း၀၀)နာရီ၊ ညနေ (၃း၀၀)နာရီ
နီနီခင်ဇော် ၊ဝေလ
ညနေ (၅း၃၀)နာရီ၊ ည (၇း၀၀)နာရီ
ဖြူဖြူကျော်သိန်း၊ အိုင်းရင်းဇင်မာမြင့်
Lucky Draw
iPhone 6 & iPad Mini 3
For Sale Enquiry,
01-2300077, 01-211430

# " အထူးဂုဏ်ယူဝမ်းမြောက်ခြင်း "

CMHL City Mart Holding Co.,Ltd ၏ "Managing Director ဒေါ်ဝင်းဝင်းတင့် " သည် (၈) ကြိမ်မြောက်
ASEAN Business Awards အခမ်းအနားတွင် အမျိုးသမီးခေါင်းဆောင်ထူးချွန်ဆု
( Woman Leaders) အတွက် နိုင်ငံအဆင့် (National Winners) ဆုနှင့်
ASEAN အဆင့် (ASEAN 1st Runner Up) ဆုများအား ထိုက်တန်စွာချီးမြှင့်ခံရခြင်း
အတွက်အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် နိုင်ငံနှင့်လူမျိုး၏အကျိုးကို
ဆတက်ထမ်းပိုးနစ်ပေါင်းများစွာစွမ်းဆောင်နိုင်ပါစေကြောင်းအထူးဆုမွန်ကောင်းတောင်းအပ်ပါသည်။

SMART FAMILY CO.,LTD.
မပို့ - မချို (ယုဇနပလာဇာ)
MMA Company Limited.
Pyi Daw Chit International Co., Ltd.



22nd Anniversary

SHINE CONSTRUCTION ၏
၂၂ - နှစ်မြောက် ငွေရတု အထိမ်းအမှတ်အနေဖြင့် (၂၁.၁၁.၂၀၁၄) မှ (၂၇.၁၁.၂၀၁၄) နေ့အထိ (၇) ရက်သာ ကျင်းပပေးမှာဖြစ်ပါသည်။
ပြပွဲကာလအတွင်း ပထမဆုံး အခန်း(၁၀)ခန်း ဝယ်ယူသူတိုင်းကို FULLY FURNISHED အပြည့်အစုံဖြင့် အကောင်းဆုံး ပြင်ဆင်ပေးမည် ဖြစ်ပါသည်။





HEAD OFFICE & HOUSING SHOWROOM
No-29, Ground Floor, Gyo Phyu Condo, Gyo Phyu Rd, Mingalar Taung Nyunt tsp, Yangon, Myanmar.
Hot line : 09 448003333, 09 250658922, 09 73519999, 09 73138978,
01 377485, 01 385340 (ext : 203-208)

## ဝတ်စားဆင်ယင်မှု အသိပညာပေးဟောပြောပွဲ တိုက်ကြီး၌ကျင်းပ

**တိုက်ကြီး၊ နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ ငုချယ်ရီ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နှင့် အဖျောက် အ. ထ. က ကျောင်းအုပ်ကြီးတို့ ပူးပေါင်းဆောင်ရွက်သည့် အလှတွင် အယဉ်ဆင့် အမြင်တင့်စေချင် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဝေက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင် ဒေါ်မြင့်မြင့်အေးက အလှတွင် အယဉ်ဆင့် အမြင်တင့်စေချင် ခေါင်းစဉ်ဖြင့် ရှေးခေတ် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယဉ်မှုများနှင့် ယဉ်ကျေးမှုဓလေ့စရိုက်များကို ဟောပြောခဲ့သည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သိမ်းသိမ်းဖြူက မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်များကို အစဉ်ထိန်းသိမ်းစောင့်ရှောက်နိုင်စေရေးတို့အတွက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အင်အား ၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**သာညွန့်**

## ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီးပြုလုပ်ပေး

**ရေတာရှည်၊ နိုဝင်ဘာ ၂၃**

ဆိုင်ကယ်စီးနင်းသူများအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသော 'က' အဆင့် ယာဉ်မောင်းလိုင်စင်များကို တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီမှည ၇ နာရီအထိ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ဓာတ်တော်ဘုရားဝင်းတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ ဦးစီးမှူးဦးအောင်တင်ဦးနှင့် အဖွဲ့က 'က' အဆင့် ယာဉ်မောင်းလိုင်စင်များကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ယာဉ်မောင်းလိုင်စင် လျှောက်ထားသူပေါင်း ၁၆၅၀ ကိုပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာမြို့၊ မြို့လှမြို့များတွင် ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တရားမဝင်လိုင်စင်မဲ့ ဆိုင်ကယ်များကိုလည်းကောင်း၊ ယာဉ်မောင်းလိုင်စင်များမရှိဘဲ ဆိုင်ကယ်စီးနင်းသူများကို လည်းကောင်း ယခုလနောက်ဆုံးပတ်မှစတင်ကာ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီလနောက်ဆုံးပတ်ကစပြီး တရားမဝင်ဆိုင်ကယ်တွေကို ဖမ်းဆီးအရေးယူတော့မှာပါ။ ဌာနအလိုက် အစည်းအဝေးမှာ ဆုံးဖြတ်ပြီးပြီဖြစ်တဲ့အတွက် ဥပဒေအရ အရေးယူဆောင်ရွက်သွားမယ်" ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# မူဆယ်မြို့အဝေးပြေးယာဉ်ရပ်နားစခန်း နိုဝင်ဘာ ၂၆ ရက်တွင် ဖွင့်လှစ်မည်

**မူဆယ်၊ နိုဝင်ဘာ ၂၃**

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်တွင် ဆောက်လုပ်ထားသော မူဆယ်မြို့အဝေးပြေးယာဉ်ရပ်နားစခန်းကြီးမှာ ပြီးစီးနေပြီဖြစ်၍ နိုဝင်ဘာ ၂၆ ရက်နေ့တွင် ဖွင့်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးတက်စေရန်၊ နှစ်နိုင်ငံ ကုန်သွယ်မှုပိုမိုတိုးတက်စေရန်နှင့် ပုံမှန်ကုန်သွယ်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိစေရန်၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ လုပ်ကိုင်ခွင့်ရရှိစေရန်၊ ထိုက်သင့်သော အကျိုးအမြတ်ဖြစ်ထွန်းစေရန်၊ ကုန်သွယ်စီးဆင်းမှု ပိုမိုအဆင်ပြေ ချောမွေ့စေရန်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ခရီးသည်များ လွယ်ကူစွာ တည်းခိုနားနေရန်အတွက် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မူဆယ် အဝေးပြေး ယာဉ်ရပ်နားစခန်းမှာ မြေဧက ၁၃ ဒသမ ၆၉ ဧကကျယ်ဝန်းပြီး ၂၀၁၂ ခုနှစ်က စတင်၍ သိန်းသန်းချီဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အဝေးပြေး ယာဉ်ရပ်နားစခန်းတွင် သုံးခန်းတွဲ သုံးထပ်လေးလုံး၊ လေးခန်းတွဲ သုံးထပ်လေးလုံး၊ ငါးခန်းတွဲ သုံးထပ် ၂၃ လုံး၊ ခြောက်ခန်းတွဲ သုံးထပ် ခုနစ်လုံး၊ ခုနစ်ခန်းတွဲ သုံးထပ် လေးလုံး၊ ငါးခန်းတွဲနှစ်ထပ်နှင့် ခေတ်မီအာစီတိုက်ခန်းများ ပါဝင်ပြီး အခန်းတိုင်းတွင် ရေ၊ မီး၊ သန့်စင်ခန်းများ ပါဝင်သည်။ အဆောက်အအုံ ၄၄ လုံး ရှိပြီး အခန်းပေါင်း ၂၀၂ ခန်းရှိ၍ အမြင့် ၃၅ ပေ၊ မျက်နှာစာ ပေ ၂၀ ရှိ တိုက်ခန်းများဖြစ်သည်။

တိုက်ခန်းများတွင် သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် မြို့ရေပေးရေး ရေပိုက်လိုင်းမှ အဝေးပြေး ယာဉ်ရပ်နားစခန်းသို့ H.D.P.E 99MM ပိုက် ၅၄၄၈ ပေဖြင့် သွယ်တန်းထားသည်။ တိုက်ခန်းတိုင်းတွင် သောက်သုံးရေ လုံလောက်စွာရရှိရေး၊ ရေဆိုးစွန့်ထုတ်မှုနှင့် မိလ္လာစနစ်များကို နောက်ဆုံးပေါ် နည်းစနစ်များဖြင့် တပ်ဆင်ထားသည်။ မူဆယ် အဝေးပြေး ယာဉ်ရပ်နားစခန်းကို သိန်းသန်းချီဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က ကျပ်သိန်းပေါင်း ၂၂၇၄၉ ဒသမ ၉၈၅ ရင်းနှီးမြှုပ်နှံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၄ ခုနှစ် မေလအထိ တစ်နှစ်နှင့် ခြောက်လအတွင်း အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မူဆည်မြို့၊အဝေးပြေး ယာဉ်ရပ်နားစခန်းတွင် ကားဂိတ် ၂၉ ခုရှိပြီး မျက်နှာစာတိုက်ခန်းများကို သိန်း ၇၅၀၊ အတွင်းခန်း သုံးထပ်ခန်းကို သိန်း ၆၅၀ နှင့် အတွင်းနှစ်ထပ်ခန်းကို သိန်း ၂၅၀ ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။



မူဆယ်အဝေးပြေး ယာဉ်ရပ်နားစခန်းတွင် ဘဏ်လေးခု ပါရှိမည်ဖြစ်ပြီး စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဈေးဆိုင်ခန်းများပါဝင်သည်။ မူဆယ် ယာဉ်ရပ်နားစခန်း တည်ဆောက်ထားသည့်အတွက် ယာဉ်မှူး၊ ယာဉ်နောက်လိုက်နှင့် ခရီးသည်များမှာ လုံခြုံစိတ်ချစွာ တည်းခိုနိုင်မည်ဖြစ်သည်။ ယင်းအပြင် နယ်စပ်ကုန်သွယ်ရေးဖြစ်သော မိမိနိုင်ငံထွက်ကုန်များကို ကြိုက်ဈေးဖြင့် ပြည်ပသို့ အမြန်ဆုံး တင်ပို့သွားနိုင်မည်ဖြစ်သည်။

**တင်လှိုင်(မိတ္ထီလာ)**

**Silver Song Travels & Tours**
မှအပန်းဖြေခရီးစဉ် 2304255, 0973257907
ကျိုက်ထီးရိုး၊ မဲ့ရှင်ဘုရား၊ ပဲခူးရွှေမော်ဓောနေ့ချင်းပြန် (Nov29, Dec 6)
ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး (၃ ညအိပ်- ၄ ရက်) Dec 5, Dec 19
တောင်ကြီး၊အင်းလေး၊ကလော၊ပင်းတယ(၂ညအိပ်- ၃ ရက်) Dec 19

**ခေတ်ရွှေဆောင်**
Dec - 24 ထွက်မည်
ကျိုင်းတုံ၊ တာချီလိတ်၊ ရွှေတြိဂံ၊ ချင်းမိုင်(၁၀)ရက်

**ရွှေလမ်းခရီး** ...မှ ကျိုက်ထီးရိုး(နေ့စဉ်)
* အလိုတော်ပြည့်ဘုရားပွဲတော်၊ ပုဂံ (စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊
* တောင်ကြီး (ထမ်းစမ်းလိုဏ်ဂူ)(မွေတော်ကက္ကူ)၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊
* မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် လက်မှတ်ရောင်း / ခင်းလုံးငှား
* ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်ဘုရား၊ မောင်းမကန်ကမ်းခြေ၊
* မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ (ရွှေလီ၊ ဝမ်တိန်၊ မန်စီ)
* မော်လမြိုင်၊ ကျိုက်မရော၊ ဖားအံ၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ
* ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး * နေပြည်တော် * ဇလွန်
* ဆံတော်ရှင်(၇)ဆူ - ဖြဲလုံဆံတော်ရှင်၊ ကုသိနာရုံဆံတော်ရှင်၊ ကျိုက်သံလုံ၊ ကျိုက်ထီးဆောင်၊
ကေလာသ၊ ဖားအံ၊ ဇင်းကျိုက်တောင် * ချောင်းသာ(နေ့စဉ်) * ငွေဆောင်
အမှတ်(၃၁ရ)၊ပန်းဆိုးတန်းလမ်း(ဂုံးကျော်တံတားအောက်) 371317,095124678,098627170

**CROWN EDUCATION** Yangon Myanmar
အစိုးရကျောင်း၊ International Schools မှကျောင်းသားများ၊ မိဘများမဖြစ်မနေသိထားသင့်သော
"ပညာရေးလမ်းကြောင်းတစ်ခုကို မှန်ကန်စွာရွေးချယ်ခြင်းနည်းလမ်းများ"
အကြောင်းဆွေးနွေးပွဲ....
- International School မှ ကျောင်းသားများ SAT/ ACT/ iGCSE အသင့်တော်ဆုံးဘာရွေးမလဲ
- (၉)တန်းအောင်ရုံနဲ့ နိုင်ငံတကာမှာ ကျောင်းတက်လို့ ရပြီလား - ဘယ်လိုဘာသာရပ်တွေကို ဘယ်နိုင်ငံမှာတက်နိုင်မလဲ
- အမေရိကန်သင်ရိုးညွှန်းတမ်းကိုသွားမလား၊ အင်္ဂလန်သင်ရိုးညွှန်းတမ်းကိုရွေးချယ်မလား
- နိုင်ငံတကာမှာ ဆေးကျောင်းတက်မယ်ဆိုရင် ဘာတွေသိရှိထားဖို့လိုမလဲ၊ ဘာတွေပြင်ဆင်ရမလဲ
- Architecture နဲ့ Civil သင်ယူမည့် ကျောင်းသားများ အထူးသတိထားသင့်သည့်အချက်များ
- ပညာသင်မယ့် နိုင်ငံနဲ့ ဘာသာရပ်တွေကို မှန်ကန်စွာ ဘယ်လိုရွေးချယ်မလဲ
- နိုင်ငံခြားမသွားခင် မြန်မာနိုင်ငံရှိ ဘယ်လိုနေရာတွေမှာ အကောင်းဆုံးပြင်ဆင်သင့်သလဲ
မြန်မာနိုင်ငံတွင် တစ်နှစ်တက်ရောက်နိုင်သည့် University Foundation Program
25 Nov
10:00 am - 12:00 noon
CROWN Education Office
Call Us : 01 527 838, 09 732 732 77, 09 732 56 965

**အထွေထွေကိုယ်စားလှယ်လွှဲစာ (G.P)**
**(လွှဲအပ်ခြင်းအား ရုပ်သိမ်းကြောင်းကြေညာခြင်း)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာ(၁၉)လမ်း၊ အမှတ်(၉၁၁) နေထိုင်သူ ဒေါ်ရှုကြည် (TGKN-002429) ကိုင်ဆောင်သူမှ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တခေါင်း(၃)လမ်း၊ အမှတ်(၅၉)နေ ဦးစိုးဝင်း ကန်ထရိုက်တာ[၁၂/ ဥကတ(နိုင်)၀၉၆၂၇၂]၊ M.D . Nice Capital Construction Co.,Ltd ကိုင်ဆောင်သူအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင် ရုံးတွင် လွှဲအပ်ထားခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ G.P ကို ပြန်လည်ရုပ်သိမ်း ပြီးဖြစ်ပါကြောင်း နောင်တွင် ယင်းကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ ဒေါ်ရှုကြည် ၏ ဆောင်ရွက်ချက်များမဟုတ်ပါကြောင်း ဒေါ်ရှုကြည်၏ လွှဲအပ်ချက်အရအများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ရှုကြည်

လွှဲအပ်ညွှန်ကြားမှုအရ
ဒေါ်ခင်အေးတင့်(စဥ်-**14215**)
အထက်တန်းရှေ့နေ
အမှတ်(၃၁၀-က)၊ ဗလ္လိက(၁၂)လမ်း၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉၃၁၁၂၄၀၅၄၊ ၀၉၄၂၁၁၇၈၅၄

# သုံးခွမြို့တွင် ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ရေလုပ်သားများသို့ အသိပညာပေး ဟောပြော

**သုံးခွ၊ နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၇)ရပ်ကွက်ရှိ ရေလုပ်သားများအား မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတ ထိန်းသိမ်းရေးအသိပညာပေးသည့် ဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ဒေါ်စန်းစန်းလှ၏ နေအိမ်ရှေ့ကွက်လပ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲသို့ သုံးခွမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်သန်းနှင့် ဝန်ထမ်းများ၊ အမှတ် (၇) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှကြိုင်၊ ရေလုပ်သားအဖွဲ့ခေါင်းဆောင် ဦးအောင်နိုင်နှင့် ရေလုပ်သားအင်အား ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဦးစီးအရာရှိ ဦးဇော်သန်းက အသိပညာပေးဟောပြောရာတွင် လူသားအားလုံး စားနပ်ရိက္ခာဖူလုံရေးအတွက် ရေနေသယံဇာတများကို ထိန်းသိမ်းရန် လိုအပ်လျက်ရှိကြောင်း၊ ရေနေသယံဇာတများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အပင်၊ သတ္တဝါနှင့် ပတ်ဝန်းကျင်လေထု၊ မြေထုတို့ ဟန်ချက်ညီစေရန် အပြန်အလှန်ထိန်းညှိပေးနေသော ဂေဟစနစ် ဖွံ့ဖြိုးရေးသည်လည်း အရေးပါလှကြောင်း ပြောကြားခဲ့သည်။

ယခုအခါ ရေနေသယံဇာတများ ဆုတ်ယုတ်လာသဖြင့် စာနပ်ရိက္ခာဖူလုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုကို ထိခိုက်လာသည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း၊ အဆိုပါ အန္တရာယ်ကို တွန်းလှန်ရန် လူသားအားလုံးတွင် တာဝန်ရှိကြောင်း သို့ပါ၍ ရေနေသယံဇာတများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုများက တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရေနေသယံဇာတများ လျော့နည်းလာရသည့်အကြောင်းများ၊ တားမြစ် ငါးများ ဖမ်းကာ တားမြစ်ကန့်သတ်ထားသော ငါးဖမ်းနည်းစနစ်များ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများ အသုံးပြု၍ ငါးဖမ်းခြင်း၏ ဆိုးကျိုးများ၊ ဘက်ထရီရှော့ခ်တိုက်ကျဉ်စက်ဖြင့် ငါးဖမ်းခြင်း၏ ဆိုးကျိုးများ၊ ပြဒါးနှင့် ဆိုင်ယာနိုက်များ၏ ဆိုးကျိုးများ၊ အဆိပ်ဖြင့် ငါးဖမ်းခြင်း၏ ဆိုးကျိုးများနှင့် အရေးယူခံရနိုင်သည့် ပြစ်ဒဏ်များအကြောင်းကို ယင်းက အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ရေလုပ်သားများကို မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်မြို့က ထုတ်ဝေသည့် ငါးသယံဇာတ ထိန်းသိမ်းရေးပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**



# မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် ကနီမြို့တွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေး

**ကနီ၊ နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားဖြေလျှော့သည့် လုပ်ငန်းစနစ်နှင့် မိုးပွင့်အဆင့် (၇) စီမံချက်ကို နိုဝင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ရာ ကနီမြို့ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)ရပ်ကွက်များမှ နိုင်ငံသား အရည်အချင်းပြည့်မီသူ ၁၅၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို နိုဝင်ဘာ ၂၁ ရက်က ကနီမြို့ အထက(၁)ကျောင်း ပညာရတနာခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိမိတို့ လက်ဝယ်ကိုင်ဆောင်နိုင်သူသာလျှင် နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်၍ နိုင်ငံသားတစ်ဦးအနေဖြင့် ရသင့်ရထိုက်သော အခွင့်အရေးရရှိရန် အသက်ပြည့်မီသူတိုင်း စည်းကမ်းချက်နှင့်ကိုက်ညီပါက နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ထားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျနှင့် ဦးရှိန်၊ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထိန်စိုး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအောင်နီနှင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် နေမင်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းလက်ဝယ် အရောက်ပေးအပ်ခဲ့ကြပြီး ပြည်သူများကိုယ်စား အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဆန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် Link Connection များ တပ်ဆင်ခြင်း မြင်းခြံတွင် ဆောင်ရွက်



**မြင်းခြံ၊ နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းလင်းအောင်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂၀ ရက်က ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် Link Connection များ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းလင်းအောင်နှင့် ဝန်ထမ်းများသည် မြင်းခြံမြို့၏ ဗိုလ်ချုပ်လမ်းတစ်လျှောက်ရှိ လမ်းကျော် ၄၀၀ ဗို့အားလိုင်း၊ ပြည်သူများစည်ကားစွာ ဖြတ်သန်းသွားလာနေသော မြို့လယ်မီးပွိုင့်နှင့် အမှတ် (၁၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီးတို့တွင် Link Connection များ တပ်ဆင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# အနောက်အုတ်ကျင်း ဘုန်းတော်ကြီးသင် မူလွန်ကျောင်း၌ အာဟာရဒါန ထမင်းကျွေး အလှူပြုလုပ်

**ရန်ကုန်၊ နိုဝင်ဘာ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ် (၁၁) ရပ်ကွက်ရှိ အနောက်အုတ်ကျင်း ဘုန်းတော်ကြီးသင် ပညာရေး (မူလွန်)ကျောင်းတွင် နိုဝင်ဘာ ၂၁ ရက်က ကျောင်းရှိ သံဃာတော်များသို့ နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား အာဟာရဒါနထမင်းကျွေးခဲ့ကြောင်းသိရသည်။

ယင်းအလှူကို ရှိုင်းဟုတ်ကုမ္ပဏီက ပြုလုပ်ခဲ့ပြီး ကြက်သားဟင်း၊ သီးစုံဟင်းတို့ဖြင့် ထမင်းကျွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

အနောက်အုတ်ကျင်း ဘုန်းတော်ကြီးသင် မူလွန်ကျောင်းသည် ရှင်သာမဏေ၊ သီလရှင်၊ ကျောင်းသား၊ ကျောင်းသူများ ၁၂၀၀ ကျော်ကို နံနက်ပိုင်းနှင့် နေ့လည်ပိုင်း နှစ်ချိန်ခွဲ၍ ပညာသင်ကြားနေသော ကျောင်းဖြစ်ပြီး နံနက်ပိုင်းနှင့် နေ့လည်ပိုင်း တက်ရောက်သော ကျောင်းသား၊ ကျောင်းသူများကို အချိန်ခွဲခြား၍ ကြက်သားဟင်း၊ ထမင်းတို့နှင့် လှူဒါန်းကျွေးမွေးခဲ့ပြီး ကျောင်းရှိ သံဃာတော်များ၊ ကျောင်းတက်ရောက်ပညာသင်ကြားနေသော ရှင်သာမဏေများနှင့် သီလရှင်ဆရာလေးများကိုပါ နံနက် ၁၀ နာရီ မိနစ် ၃၀ တွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ကိုမိုး(ရွှေပြည်သာ)**

CALIFORNIA UNITEC
Institute of Engineering
edexcel
Approved Centre No. 93845



15th January 2015 တွင်ဖွင့်လှစ်မည့် Civil Engineering တန်းခွဲသစ် အတွက် ကျောင်းသူ/ကျောင်းသားများအားစတင် လက်ခံနေပါပြီ။

BTEC HND Higher National Diploma in Civil Engineering

- ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံမှ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ(အမေရိကန်၊အင်္ဂလန်၊နယူးဇီလန်၊ဂျပန်၊စင်ကာပူ၊ထိုင်း၊ဖိလစ်ပိုင်)မှ Ph.D, Master of Engineering ဘွဲ့ရ Engineer များကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံ နည်းစနစ်များအတိုင်း စာတွေ့လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- ၁၀တန်း၊ GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level , တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4 ) → HND (Level 5)
- HND Higher National Diploma ပြီးပါက B.E (Hons) Civil Engineering ဘွဲ့ကို California Unitec တွင်ဆက်လက်တက်ရောက်နိုင်ပါသည်။

Block C နှင့် D ကြား၊ 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44
www.californiaunitec.com www.facebook.com/californiaunitec

**ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း**

ကျွန်မ၏ခင်ပွန်း ဦးဝင်းထွန်း [၆/မအရ(နိုင်)၁၀၃၅၄၆]သည် ခွင့်မလွှတ်နိုင်သော ကိစ္စများကိုပြုလုပ်ပြီး နေအိမ်မှထွက်ခွာသွားပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ခင်ပွန်းအဖြစ်မှ ရာသက်ပန်မသက်ဆိုင်တော့ပါကြောင်းနှင့် နောက်နောင်ဖ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ ကျွန်မနှင့် လုံးဝ(လုံးဝ) မပတ်သက်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သဲပြည့်ပြည့်ကို
[၁၂/မဘန(နိုင်)၁၂၉၂၂၁]

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော်၏သားဖြစ်သူ မောင်အော်ထူးအောင် [၁၂/ဗဟန(နိုင်)၀၉၃၆၄၃]ကိုင်ဆောင်သူသည် မိဘများ၏ ဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းထွန်းနှင့်ဒေါ်မိမိအောင်

ဆောင်းပါး

# ဖူးမြော်စေချင်သည့်ပြက္ခရွေစွယ်တော်ရှင်စေတီ

à cifv(au;r)k


ဓာတ်ပုံ – ဇော်ဇင်ခိုင်(ပန်းသီး)

ရှေးဟောင်း ပုဂံသမိုင်းများနှင့် ဆက်စပ်လျက်ရှိသော သမိုင်းဝင်တောင်၊ မြန်မာမှုလက်ရာများဖြင့် တည်ထားကိုးကွယ်ခဲ့သည့် စေတီပုထိုးများ၊ သာသနာတော် စည်ပင်ရာအရပ်ဒေသ၊ ရှားပါးစွာဖြင့် သစ္စာအဓိဋ္ဌာန်တို့ တည်ရာ ပြက္ခရွေအရှေ့တောင်နှင့် အနောက်တောင်သည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ ကူမဲမြို့၏ အရှေ့တောင်ဘက် မိုင်းမောမြို့ဟောင်းအနီး မြစ်သားမြို့နယ်တွင် တည်ရှိလေသည်။

ပြက္ခရွေအရှေ့တောင်နှင့် အနောက်တောင်သို့ တက်ရောက်မည်ဆိုလျှင် မောနားဟူသော တောင်ခုလတ်မှ စတင်တက်ရောက်ရသည်။ မောနားသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၁၃၇ တွင် တည်ရှိသည်။ သီဟိုဠ်မင်းထံမှ ရရှိလာသော စွယ်တော်ငါးဆူကို အနော်ရထာမင်းကြီးသည် ပုဂံတစ်ဝိုက်တွင် စေတီများတည်ထားပြီးနောက် ဆင်ဖြူတော်မော၍နားသဖြင့် ထိုနေရာကို မောနားဟု ခေါ်တွင်စေခဲ့ကာ စေတီတည်ထားခဲ့သည်။ မောနားတွင် မောနားဆုတောင်းပြည့် ယွန်းစေတီနှင့် မောနားကျောင်းတိုက် တည်ရှိသည်။ စေတီတော်သည် သစ်စေး၊ သရိုးများကိုင်ပြီး အနုစိတ် ကနုတ်ပန်းလက်ရာများဖြင့် သေသပ်လှပစွာ တန်ဆာဆင်ထားသည်။ ရွှေချထားသော သပိတ်မှောက်တွင်လည်း ဂဠုန် ရုပ်နှင့် ကဒေါင်းရုပ်များကို ဖောင်းကြွပြုလုပ် ထားသောကြောင့် မြန်မာနိုင်ငံတွင် တည်ထားကိုးကွယ်သော စေတီများအနက် တစ်မူထူးခြားသော မြန်မာမှုလက်ရာမြောက်သည့် ရှေးဟောင်း ယွန်းစေတီတော် တစ်ဆူဖြစ်သည်။ စေတီတော်၏ အင်္ဂါထောင့်တွင် စွယ်တော်မြတ်တင်သော ဆင်ဖြူခြေရာရှိသည်။ ထိုခြေရာမှာ နှစ်ပေါင်း ၉၀၀ ကျော်သော်လည်း ထင်ထင်ရှားရှားရှိနေသည့်အပြင် ကျောင်း ပရဝဏ်အတွင်းတွင်လည်း နှစ် ၉၀ ခန့် အင်္ဂလိပ်ခေတ်လက်ထက်က ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းတော်ကြီးများ၊ ဆွမ်းစားဆောင်များလည်း ရှိနေသည်မှာ အံ့သြဖွယ်ရာပင်။

ပြက္ခရွေဟူသော အမည်သည် တောင်တစ်လုံးတည်းကို ရည်ညွှန်းခြင်းမဟုတ်ဘဲ ပြက်တောင်(အနောက်တောင်)နှင့် ခရွေတောင် (အရှေ့တောင်)နှစ်လုံး၏ အမည်ကိုပေါင်း၍ ကိုးကွယ်ခဲ့သည်။ စွယ်တော်ရှင်စေတီတော်သည် ဉာဏ်တော်အမြင့် ရှစ်ဆယ့်တစ်ပေမြင့်ပြီး အောက်ဖိနပ်တော်မှာလည်း အလျားရှစ်ဆယ့်တစ်ပေ၊ အနံရှစ်ဆယ့်တစ်ပေ ကျယ်ဝန်းသည်။ ရင်ပြင်တော်ပတ်လည်တွင်လည်း အရံစေတီပေါင်း သုံးဆယ့်နှစ်ဆူကို တည်ထားခဲ့သည်။ ထူးခြားသည်မှာ မြန်မာနိုင်ငံ၏ အရပ်လေးမျက်နှာတို့ဆုံရာ အလယ်ဗဟိုတည့်တည့်တွင် တည်ရှိနေပြီး စေတီတော်၏ အနောက်ဘက်ရင်ပြင်တော်အစပ်တွင် အင်္ဂလိပ်ခေတ် မြေတိုင်းဌာနက မြန်မာနိုင်ငံ အလယ်ဗဟိုဌာနဟု စိုက်ထူထားသော အုတ်ပန္နက်မှတ်တိုင်ကြီး ရှိနေခြင်းပင်။

အနော်ရထာမင်းကြီးသည် သာသနာတော်ငါးထောင်တည်တံ့လိုပြီး သတ္တဝါအပေါင်းတို့ ကိုးကွယ်စေခြင်းငှာ သီဟိုဠ်မင်းထံမှ ပွားများရရှိသော စွယ်တော်မြတ်ကို အဓိဋ္ဌာန်ပြု၍ စွယ်တော်ငါးဆူအား ရွှေစည်းခုံ၊ တန့်ကြည်တောင်၊ လောကနန္ဒာ၊ တုရင်တောင်နှင့် ပြက္ခရွေတောင်တို့တွင် ဌာပနာ၍ စေတီတည်ထားကိုးကွယ်ခဲ့သည်။ မင်းကြီးသည် စွယ်တော်ရှင်ငါးဆူအား နောက်နေ့မကူး နေ့ချင်းဖူးစေ လှူသည့်ကုသိုလ် မပိုတူစေ၊ တောင်းဆိုစကားမမှားတူစေ ဆိုသည့် သီလမပျက်လုံစေ၊ ဆိုသည့်သူ၏ တောင်းသောဆု၊ လိုသောဆု မကြာချက်ခြင်း လက်ငင်းကောင်းကျိုး ပြည့်ပေလိမ့်မည်ဟု သစ္စာအဓိဋ္ဌာန်ငါးချက်ကို ပြုခဲ့သည်။

ထို့ကြောင့် နှောင်းလူတို့၊ ဒေသခံတို့က သစ္စာအဓိဋ္ဌာန်ငါးချက်ကို အလွန်ယုံကြည်ကြ သည်။ ပုဂံတွင်ရှိသော စွယ်တော်မြတ်လေးဆူမှာ လမ်းပန်းသာ၍ ဖူးမြော်ရန်လွယ်ကူသော်လည်း ပြက္ခရွေတောင် စွယ်တော်ရှင်သည် ၃၄၃၃ ပေ မြင့်ပြီး မြစ်သားမြို့နယ် ကူမဲမြို့ အရှေ့တောင်ဘက် ရှစ်မိုင်ထိသွားရပြီး တောင်ခြေမှ တောင်ထိပ်အထိ ကျိုက်ထီးရိုးတောင် တောလမ်းတမျှ ၅ နာရီခန့် တက်ရောက်ရသည်။ ကားလမ်းဖောက်ရန် အဆင်မပြေသဖြင့် မောနားကျောင်းတိုက်မှ တောလမ်း ခရီးကြမ်းဖြင့် တောင်ကိုးလုံးကိုဖြတ်ကာ တောင်တက်တောင်ဆင်းခြေလျင်ခရီးတွေ ဖြတ်ကျော်လာရစေကာမူ မြန်မာ့မြေမှ သဘာဝအလှတရားတွေကြောင့် မမောနိုင်ဘဲ မင်းအနော်ရထာ၏ သာသနာတံခါး စတင်ဖွင့်လှစ်ရာ အဓိဋ္ဌာန်အောင်မြေစစ်တို့တည်ရာမြတ် စွယ်တော်ငါးဆူတို့၏ ပဉ္စမမြောက်စွယ်တော်ရှင်အား မြင့်မားသောတောင်ထိပ်ပေါ်တွင် မားမားစွင့်စွင့်နှင့် ဖူးတွေ့လိုက်ရသည်မှာ လွန်စွာသပ္ပါယ်ကြည်ညိုလှပါသည်။

ထို့အပြင် လွန်ခဲ့သော ရှေးနှစ်ပေါင်း ၉၀၀ ကျော်က အနော်ရထာမင်းသည် လယ်တွင်းဆယ့်တစ်ခရိုင်ကို အခြေပြု၍ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ လယ်တွင်းဆယ့်တစ်ခရိုင်တွင် ပါဝင်သော ရှေးခေတ်အခေါ် မစ်သာ(မြစ်သာ)မြို့ကလေးသည် စိုက်ပျိုးရေးဖွံ့ဖြိုးအောင်မြင်ပြီး သာသနာတော်စည်ပင်ရာအရပ်လည်း ဖြစ်ခဲ့သည်။ ထို မြို့လေးသည် နှစ်ကာလ ကြာညောင်းသော်လည်း မဟောင်းဘဲ ဖွံ့ဖြိုးဆဲ၊ တိုးတက်ဆဲပင် တည်ရှိနေသည်။

ရှေးဟောင်းမြို့၊ ရှေးဟောင်းစေတီပုထိုးများ၊ ရှေးဟောင်းလက်ရာများဖြင့် ထူးခြားအံ့မခန်းဖွယ် လေ့လာစရာများပြည့်နှက်နေသော ပြက္ခရွေတောင်သည် မြန်မာလူမျိုးခရီးသွားတို့အတွက်ရော၊ ကမ္ဘာလှည့်ခရီးသွားတို့ပါ သွားရောက်ဖူးမြော်လေ့လာသင့်သောနေရာတစ်ခုအဖြစ် တည်ရှိလျက် ရှိနေပါတော့သည်။

အနာဂတ်အလားအလာကောင်းများကို ဆောင်လိုသော ပစ္စုပ္ပန်တိုင်းသည် အတိတ်သမိုင်းကြောင်းများကို မျက်ခြေမပြတ်စေဘဲ လေ့လာ၍ ထိန်းသိမ်းစောင့်ရှောက်သင့်သည့် နေရာတစ်ခုဆိုလည်း မမှားနိုင်ခြေ။

## ဆိပ်ဖြူမြို့၌ ရွှေ့လျားစာကြည့်တိုက်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှါးရမ်း

**ဆိပ်ဖြူ၊ နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့်အတူ ဝန်ထမ်းများက အပတ်စဉ် ကွင်းဆင်းပေးလျက်ရှိသည့် ရွှေ့လျားစာကြည့်တိုက်ကို နိုဝင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီက ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အလွယ်တကူ စာပေဖတ်ရှုလေ့လာ ငှားရမ်းနိုင်ရန် စာဖတ်သည့် အလေ့အကျင့် ဖြစ်ထွန်းလာစေရန်နှင့် ပြင်ပစာပေများဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် စာပေဖတ်ရှုသူများ လက်ထဲအရောက် သုတ၊ ရသ စာအုပ်ပေါင်း ၃၀၀ ကျော်ဖြင့် ကွင်းဆင်း၍ စာအုပ်၊ စာစောင်များကို အခမဲ့ငါးရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

## ညောင်တုန်းမြို့တွင် လျှပ်စစ်လမ်းမီးများ တပ်ဆင်

**ညောင်တုန်း၊ နိုဝင်ဘာ ၂၃**

ညောင်တုန်းမြို့ရှိ အဓိကကျသော လမ်းများတွင်လျှပ်စစ်မီး တပ်ဆင်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၀ ရက်ကတပ်ဆင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့အင်္ဂါရပ်နှင့် ညီညွတ်ပြီး သန့်ရှင်းသာယာရေး၊ ညအချိန်အခါတွင် မြို့တွင်း၌ သာယာလှပစေရေးအတွက် မြို့နယ်စည်ပင်သာယာအဖွဲ့နှင့် မြို့နယ်လျှပ်စစ်ဌာနတို့မှ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့တွင်းအဓိကကျသော နေရာများ၊ လမ်းစုံလမ်းထောင့်များတွင် လျှပ်စစ်မီး ဆိုဒီယမ် (150W)မီးလုံးကြီးများကို မြို့တွင်းရှိ ရပ်ကွက်များ၊ အဓိကအချက်အချာကျသောနေရာများ၊ လမ်းစုံလမ်းဝ္ဂနေရာများတွင်ဦးစားပေး၍ တပ်ဆင်ခြင်းများကို အဓိကဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းကပြောသည်။

**ထွန်းကျော်(ညောင်တုန်း)**

သာကေတမြို့နယ် ၊ရွှေခင်းသာလမ်းမကြီး၊မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝင်းအတွင်းရှိ
HTET OO MARITIME TRAINING INSTITUTE
ပင်လယ်ရေကြောင်းသင်္ဘောသားဖြစ်ချင်သူများအတွက် Whole Package
စနစ်ဖြင့် မျက်စိစစ်၊ ဆေးစစ်ခြင်းများ၊ BST နှင့် Pre-Sea သင်တန်းများတက်ရောက်ခြင်း၊ CDC / Passport လျှောက် ထားခြင်းများကို (၄)လ အတွင်း ပြီးမြောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေပါပြီ။
၁။ BST (4 Tickets) - (နေ့လယ်စာ နှင့် Coffee ကို အခမဲ့ကျွေးမွေးမည်)
၂။ Tanker Familiarization Course (T.F) -(နေ့လယ်စာ နှင့် Coffee ကိုအခမဲ့ကျွေးမွေးမည်) ( Oil, Chemical ) (CDC ရှိပြီးသူများသာ)
၃။ Pre-sea Course (Deck , Engine)- (သင်္ဘောပေါ်သို့ လေ့လာရေး ခရီး ပို့ဆောင်ပေးပါမည်)
၄။ Designated Security Duties Course ( DSD)
၅။ Ship Security Awareness Course (SSA) စသည့် သင်တန်းများ အတွက် စုံစမ်းမေးမြန်း စာရင်းပေးသွင်းနိုင်ပါသည်။
(၁) သာကေတမြို့နယ်၊ ရွှေခင်းသာလမ်းမကြီး၊မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝင်းအတွင်းရှိ ထက်ဦးသင်္ဘောသားသင်တန်းကျောင်း
Ph: 09 250278274, 01-544562
(၂) အမှတ်-က/၁၆၈၊ ဒေါပုံသင်္ဘောကျင်းလမ်း (ရေကြောင်းဦးစီးဌာနလမ်း)ဒေါပုံမြို့နယ်၊
Ph: 09 421154222



ပေါ်ပြူလာစတား Travel & Services ပြည်တွင်းခရီးစဉ်
တောင်ကြီး–အင်းလေးခရီးစဉ် - Dec 24, Dec 26, Jan 1
(တောင်ကြီး–အင်းလေး–ပင်းတယ–ထမ်စမ်း–ကကူ–ကလော)
မန္တလေး–ပြင်ဦးလွင်ခရီးစဉ် - Dec 24, Jan 1
(မန္တလေး–မင်းကွန်း–ပြင်ဦးလွင်–စစ်ကိုင်း)
Scania Bus
3 Star Hotel
Restaurants
၄ည/၅ရက် ၁.၃သိန်း
(စရန်ငွေချေဦးရာလူစနစ်)(Door to Door ဝန်ဆောင်မှု)(၁၀ဦးပြည့်လျှင်၁ဦးအခမဲ့)
Ph: 01 2301866, 09-5129134, 09-250154837

Management & Accountancy Training Ltd.
MAT Quality & Success
No. 355, 2nd Floor, Thein Phyu Road, Mingalar Taung Nyunt Tsp.
E.mail: myintoo.mat@gmail.com Visit : www.matprofessional.com
LCCI Level I, II, III
စာရင်းကိုင်သင်တန်းများ
တန်းခွဲသစ်များဖွင့်လှစ်ပါမည်။
ကျောင်းအပ်လက်ခံပြီ။
For Series 3-2015 Exam
Ph : 242431, 246618

## ဒိုက်ဦး၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် သမဦးစီးဌာနသို့ ရွှေ့လျား စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**ဒိုက်ဦး၊ နိုဝင်ဘာ ၂၃**

ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်မှူး ဒေါ်ငွေးစုလှိုင်နှင့် ဝန်ထမ်းများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ နိုဝင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီက Mobile Library လုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ်သမဦးစီးဌာနရုံးသို့ မွန်းလွဲ ၁ နာရီတွင် အများပြည်သူဖတ်လိုသည့် သုတ၊ ရသစာအုပ်၊ စာစောင်များဖြင့် Mobile Library ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းနေ့က ကွင်းဆင်းဆောင်ရွက်ရာတွင် သုတ၊ ရသစာအုပ် ၄၈ အုပ်အားတစ်ပတ်ကြာ ငှားရမ်းပေးထားခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူတို့ အသိပညာ မြင့်မားတိုးတက်ရေး၊ ဗဟုသုတ ကြွယ်ဝဖွံ့ဖြိုးရေးကို ရှေးရှုပြီး စာဖတ်လိုသူများ အလွယ်တကူ စာအုပ်စာပေ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ရုံးဌာန၊ ကျောင်းများသို့ အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်သည့် Mobile Library လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ဒိုက်ဦးပြန်/ဆက်**

## အရန်သားဖွားသင်တန်းသူများ ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ သွားရောက်လေ့လာ

**ကျောက်ဖြူ၊ နိုဝင်ဘာ ၂၃**

ကျောက်ဖြူမြို့ အရန်သားဖွားသင်တန်းမှ သင်တန်းသူ ၂၁ ဦးနှင့် ကြီးကြပ်သူ ဆရာများအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

ယင်းနေ့က လာရောက်လေ့လာသူများအား ခရိုင်ဦးစီးအရာရှိ ဦးဇော်မိုးအောင်က ခရိုင်ပြည်သူ့စာကြည့်တိုက်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး သင်တန်းသူများ သိရှိလိုသည်များကို ဖြေကြားပေးခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှု ကင်းကွာလျက်ရှိသော ကျေးလက်နေပြည်သူတို့အတွက် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ အရန်သားဖွားသင်တန်းကို ကျောက်ဖြူမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးခန်းမ၌ သင်ကြားပို့ချလျက်ရှိသည်။ အဆိုပါသင်တန်းကို သုံးလကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ ကျောက်ဖြူမြို့နယ်မှ သင်တန်းသူ ၂၁ ဦး တက်ရောက်လျက်ရှိသည်။

**ခရိုင်ပြန်ဆက်**



## ဒေးဒရဲမြို့နယ်၊ ချောင်းဖျားကျေးရွာတွင် စံပြစိုက်ခင်းများ ရိတ်သိမ်း

**ဒေးဒရဲ၊ နိုဝင်ဘာ ၂၃**

မိုးစပါး GAP စံပြစိုက်ခင်း ပုလဲသွယ်စပ်မျိုးစပါးနှင့် သီးထပ်ရင် တောင်သူမျိုးသန့်စံပြစိုက်ခင်း ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၁၉ ရက်၊ နံနက် ၈ နာရီ က ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ ချောင်းဖျားကျေးရွာအုပ်စု၊ ဧက ၁၀၀ စံပြကွက်၊ ကွင်းအမှတ် (၂၄၈)ရှိ တောင်သူ ဦးဝင်းမြင့်အောင်၏ စံပြစိုက်ကွက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ GAP စံပြကွက် ရိတ်သိမ်းရာတွင် ပုလဲသွယ် စပ်မျိုးစပါး တစ်ဧကလျှင် ၁၃၈ ဒသမ ၄၉ တင်းနှင့် သီးထပ်ရင် တောင်သူမျိုးသန့်စပါး တစ်ဧက တင်း ၁၀၁ ဒသမ ၅၀ အသီးသီး ထွက်ရှိကြောင်း သိရသည်။

အဆိုပါ GAP စံပြကွက် ရိတ်သိမ်းပွဲသို့ ဒေးဒရဲမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်နှင့် မြို့နယ်စိုက်ပျိုးတိုးမြှင့်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ် မြေစာရင်းဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက် မြင့်မားရေးကော်မတီဝင်များနှင့် တောင်သူများ စိတ်ပါဝင်စားသူများ တက်ရောက်ကြကာရိတ်သိမ်းမှုကိုအားပေးခဲ့ကြသည်။



**သူဇာနွယ်(ဖျာပုံ)**

## ရေနီအနောက်ရွာတွင် ရေကန်တွင်းသို့ဆင်း၍ ကစားရာမှ ကလေးငယ်နှစ်ဦး ရေနစ်သေဆုံး

**မလှိုင်၊ နိုဝင်ဘာ ၂၃**

မလှိုင်မြို့နယ် ရေနီကျေးရွာအုပ်စု ရေနီအနောက်ရွာတွင် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကလေးငယ်နှစ်ဦး ရေကန်တွင်းသို့ဆင်း၍ ဆော့ကစားရာမှရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မလှိုင်မြို့မရဲစခန်းမှ ဒုရဲအုပ်သန်းနိုင်ဇော် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် အဆိုပါကျေးရွာတွင် ရေနစ်သေဆုံးကြောင်း သတင်းအရ မြို့မရဲစခန်းမှူးယာယီရဲမှူးဦးအောင်ရွှေ ဦးဆောင်၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေနစ်သေဆုံးနေသည့် ကလေးငယ်နှစ်ဦးကို ရေကန်အတွင်း ဆယ်ယူထားရှိပြီး ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ သေဆုံးနေကြသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

ပတ်ဝန်းကျင်အားမေးမြန်းရာ သေဆုံးသူကလေးနှစ်ဦးဖြစ်သည့် မောင်နန်းဝင်းအောင် (၃နှစ်) (ဘ)ဦးထွန်းထွန်းဦး၊ ရေနီအနောက်ကျေးရွာနေသူနှင့် မသင်းမြတ်ရွှေရည်ဖူး (၂ နှစ် ၂လ) (ဘ) ဦးမြမင်းရွှေ ရေနီအနောက်ကျေးရွာနေသူတို့သည် ရေနီအနောက်ကျေးရွာအတွင်းရှိ ရေကန်အကျယ် ပေ (၂၀) ပက်လည် အနက် ငါးပေခန့်အတွင်းရှိ ရေကန်တွင်း မှောက်ခုံအနေအထားဖြင့် သေဆုံးနေသည်ကို တစ်ရွာတည်းနေသူက ရေထမ်းပြန်လာစဉ် တွေ့ရှိခဲ့သဖြင့်ဝိုင်းဝန်းဆယ်ယူခဲ့ကြောင်း သိရသည်။

ယင်းသေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် သိရှိနိုင်ရန် ရဲဆေးစာနှင့်အတူ မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး မလှိုင်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၆/၂၀၁၄ အရ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

**နက္ခတ္တဝေဒသုတေသနပညာရှင်**
**ဆရာသိန်းဝင်းဇော် ရေးသားသော**
၂၀၁၅ခုနှစ်-မိုးလေဝသ၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ မွေးနေ့ရှင်တို့၏ ကံကြမ္မာ
ဟောကိန်းများ (ထွက်ပြီ)
အိအိခင်စာပေ-၂၆၊ အဆောင်(၃)၊ ပ-ထပ်၊ ဖုန်း ၀၉-၄၂၀၂၆၀၀၃၅

**ပြင်ဆင်ဖတ်ရှုပါရန်**
၁၆-၈-၂၀၁၄ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(၈)ကန့်ကွက်ကြော်ငြာ၊ ကြည့်မြင်တိုင်မြို့နယ် ဦးခင်မောင်လွင်၏ မြေပုံကူးတွင် ပိုင်ဆိုင်ကြောင်းစာချုပ်ရန်အစား ပိုင်ဆိုင်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ဟုဖတ် ရှုပါရန်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**
၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေ/နိုင်ငံခြားငွေ(Euro) ဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါ အမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် | တင်ဒါ ပိတ်ရက် |
|---|---|---|---|
| ၁ | ၄၃၂/မမ/CE (Kyat) | သရက်ဘီလပ်မြေစက်ရုံမှခင်ဦး၊ ရွှေညောင်နှင့် သီပေါကွန်ကရစ်ဇလီဖားစက်ရုံ များသို့ဘီလပ်မြေသယ်ယူရန် | 3.12.14 |
| ၂ | ၄၃၃/မမ/CME (Kyat) | ရှာထောင်နယ်မြေအတွက် 11/0.4 KV,315 KVA Transformer (၁) လုံး၊ Concrete Pole များအပါအဝင် လျှပ်စစ်ပစ္စည်း (၅၅) မျိုးဝယ်ယူရန် | 8.12.14 |
| ၃ | 12(T)46/MR/ISN (Euro) | Spare Parts for Traction Motor (189)Items ဝယ်ယူရန် | 8.1.15 |

တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၄.၁၁.၂၀၁၄) ရက် နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။
ထောက်ပံ့ဌာန ၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:294352,291985,291994

Toe Toe Yadanar **တိုးတိုးရတနာ** ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
(ဗုဒ္ဓဂယာ+ရာဇဂြိုဟ်+နာလန္ဒာ) (၃)ည (၄)ရက် ၆သိန်း
(သံဝေဇနီယလေးဌာန+သာဝတ္ထိ+ရာဇဂြိုဟ်+ဝေသာလီ) (၇)ည (၈)ရက် ၈သိန်း
(သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+တာ့(ဂျ်)မဟာ) (၁၄)ည (၁၅)ရက် ၁၀သိန်း
ဇန်နဝါရီလ ၂၁ ရက် ၊ ဖေဖော်ဝါရီ ၁၈ ရက်၊ မတ်၂၅ ရက်
လူဦးရေနှင့် ဗီဇာကန့်သတ်ချက်ရှိပါသဖြင့် ဘုရားဖူးလိုက်ပါလိုသူများအနေဖြင့် အနည်းဆုံး (၁)လခန့်ကြိုတင်စာရင်းပေးသွင်းရပါမည်။
01-527539,01-503925,09-5058894 Hot Line: 09421027657

**ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**
**အိတ်ဖွင့်လေလံ (Open Bidding) ခေါ်ယူခြင်း**
၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ကြာရှည်ရပ်နားထားပြီး ပြန်လည် ပြုပြင်သုံးစွဲရန် မသင့်လျော်တော့သည့် ရေယာဉ်/တွဲယာဉ်ဟောင်း(၃၆)စီးကို တစ်စီးချင်းအစင်းလိုက်စနစ်ဖြင့်လည်းကောင်း၊ ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းရှိ သံရည်ကျိုလောင်းတုံး (In gots) ခန့်မှန်း(၁၅၅. ၅၂)တန်ကို အတွဲလိုက် (1 Lot) စနစ်ဖြင့် လည်းကောင်း မျက်မြင် အခြေအနေအတိုင်း အိတ်ဖွင့်လေလံတင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။
၂။ သံရည်ကျိုလောင်းတုံး အိတ်ဖွင့်လေလံဖွင့်ပွဲအား ၉-၁၂-၂၀၁၄ရက် ၁၄း၀၀နာရီတွင် လည်းကောင်း၊ ရေယာဉ်/တွဲယာဉ်ဟောင်း (၃၆)စီး၏ အိတ်ဖွင့်လေလံဖွင့်ပွဲကို ၁၀-၁၂-၂၀၁၄ရက် ၁၄း၀၀နာရီတွင်လည်းကောင်း ကျင်းပမည်ဖြစ်ပါသည်။
၃။ လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၅-၁၁-၂၀၁၄ရက်မှ ၈-၁၂-၂၀၁၄ရက် ၁၄း၃၀ နာရီအတွင်း အမှတ် (၅၀)၊ ပန်းဆိုးတန်းလမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်) ပထမထပ်၊ စီမံရေးရာ ဌာနတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။
လေလံတင်ထုခွဲရောင်းချရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ရင်ရင်မြ(တောင်ငူ)**

**အသက်(၈၆)နှစ်**

ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦး-ဒေါ်ခင်မာဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ရင်ရင်မြသည် ၁၈-၁၁-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရေကြောင်းရဲတပ်ဖွဲ့မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်သိန်း(အထက-၂၊ ဗိုလ်တထောင်)**

**အသက်(၇၈)နှစ်**

မိဘလိုတစ်မျိုး၊ ဆရာလိုတစ်ဖုံ သွန်သင်ဆုံးမပေးခဲ့သော ဆရာမကြီး ဒေါ်ခင်ခင်သိန်းသည် ၁၉-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာမကြီး ကောင်းရာသုဂတိလားပါစေ---။

**၁၉၆၈-၁၉၆၉ အထက-၂၊ ဗိုလ်တထောင်ကျောင်းသားဟောင်းတပည့်ရင်း**
**ဦးမျိုးတင့်(ကုန်စျေးတန်း၊ ကျားသက်န်းတိုက်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**နာယကကြီး-ဦးသန့်ဇင်(ခ)မောင်သန်းထွန်း(မော်လမြိုင်)**

**အသက်(၈၀)နှစ်**

မြန်မာပြည်ဆိုင်ရာ ဗုဒ္ဓဘာသာစုညီကုသလအသင်းကြီး (BBMA)၏ နာယကကြီး ဦးသန့်ဇင်(ခ)မောင်သန်းထွန်း(မော်လမြိုင်)သည် (၁၉-၁၁-၂၀၁၄) ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**[ အမှုဆောင်အဖွဲ့ ]**
**မြန်မာပြည်ဗုဒ္ဓဘာသာစုညီကုသလအသင်းကြီး**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးအောင်ဝင်း (၆၇)နှစ်**

**B.Sc(Geology), D.A.G(Mining)**
**General Manager**
**(Young Investment Group)Co.,Ltd.**
**Logistics Supervisor, Petronas (PCML) (RETIRED)**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေစံပယ်(၉)လမ်း၊ အမှတ်(F-၁၁၁/ ၁၁၂)နေ ဒေါ်အေးသန်းစိန်၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်ဝင်းသည် ၁၈-၁၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၅း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MDနှင့် ကုမ္ပဏီဝန်ထမ်းများ**
**LYNX Group**

---

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၆-၁၀-၂၀၁၄ ရက် ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၂) ကန့်ကွက်ကြော်ငြာ သာကေတမြို့နယ် ဒေါ်ခင်ထားရီ+၁၏ မြေပုံကူးတွင် ပိုင်ဆိုင်နှင့်အရောင်း အဝယ်စာချုပ်ရန်အစား ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ဟု ဖတ်ရှုပါရန်။

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဗိုလ်မှူးလှုဇင်(ငြိမ်း) လေ-၁၄၀၆**

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စိန်ပေါလ်ကျောင်းသားဟောင်း၊ မော်လမြိုင်အသင်းအမှုဆောင်ဟောင်း**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇ မိုင်၊ သလ္လာဝတီလမ်း၊ အမှတ်(၉/ခ)နေ ဒေါ်နီနီခိုင်၏ခင်ပွန်း၊ ဦးအောင်ထွန်းထွန်း(Executive Director/ Magnate Group Logistics Co.,Ltd)-ဒေါ်ခိုင်ဇင်လဲ့(Director)ဇင်မင်းအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်တို့၏ကျေးဇူးရှင်ဖခင်သည် ၂၀-၁၁-၂၀၁၄ ရက်(ကြာသပတေးနေ့) ည ၇း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဇင်မင်းအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဗိုလ်မှူးလှုဇင်(ငြိမ်း) လေ-၁၄၀၆**

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စိန်ပေါလ်ကျောင်းသားဟောင်း၊ မော်လမြိုင်အသင်းအမှုဆောင်ဟောင်း**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇ မိုင်၊ သလ္လာဝတီလမ်း၊ အမှတ်(၉/ခ)နေ ဒေါ်နီနီခိုင်၏ခင်ပွန်း၊ ဦးကျော်ကျော်ဇင်(MD/February Engineering Group Co.,Ltd)-ဒေါ်သီတာသန်း(Director/ February Engineering Group Co.,Ltd)တို့၏ ကျေးဇူးရှင်ဖခင်သည် ၂၀-၁၁-၂၀၁၄ ရက်(ကြာသပတေးနေ့) ည ၇း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**FEG Co.,Ltd.**
**မှ ဝန်ထမ်းများ**

---

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ဖွားညွန့်(ထားဝယ်)**

**အသက်(၉၁)နှစ်**

ဦးတင်ထွန်းသက်(Chairman)၊ ဒေါ်မေစန်းမြင့်(Director)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဦးကျော်သူရသက်(Managing Director)၊ ဒေါ်မွန်(Director)တို့၏ချစ်လှစွာသော ဘွားဘွားသည် ၂၀-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Director အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**
**KTT Group of Companies Ltd.**
**Know The Truth Private Limited .**
**Central Hotel (Ngwe Saung)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်သန်း(ဖြူး)**

**အသက်(၇၉)နှစ်**

ဖြူးမြို့နယ်၊ ပဲခူးလမ်းတောင်ပိုင်း၊ စျေးရပ်ကွက်၊ အမှတ်(၆)နေ (ဦးမြတ်အောင်)၏ဇနီး၊ ဦးသန်းမိုးအောင် (ဒါရိုက်တာ၊ ကျော်လွှမ်းမိုးနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်)-ဒေါ်အိအိဖြိုးတို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်ခင်သန်းသည် ၂၀-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ**
**ကျော်လွှမ်းမိုးနှင့်ညီအစ်ကိုများကုမ္ပဏီလီမိတက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

**ဒေါ်သင်းသင်းဇင်(ဘ-ခ-ရ)**

**အသက်(၅၅)နှစ်**

တောင်ပုလုကျောက်ဆင်တောရ ကျောက်ဆင်ရွှေတိဂုံစေတီတော်ကြီး၏ ဂေါပကအဖွဲ့ဝင်ဖြစ်သူ ဦးဟံငြိမ်း(ဘ. ခ. ရ)၏ဇနီး ဒေါ်သင်းသင်းဇင်သည် ၁၆-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဂေါပကအဖွဲ့**
**တောင်ပုလုကျောက်ဆင်တောရ**
**ကျောက်ဆင်ရွှေတိဂုံစေတီတော်၊ ဝမ်းတွင်းမြို့**

---

## အထူးကျေးဇူးတင်ရှိကြောင်း

၁၄-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသော ဒေါ်မော်မော်ထွန်း(ခ)ဒေါ်မူမူ နာမကျန်းဖြစ်နေစဉ်ကာလအတွင်း၌လည်းကောင်း၊ ဈာပန အခမ်းအနား၌လည်းကောင်း၊ စိတ်ရောကိုယ်ပါ ကူညီပေးခဲ့ကြသော သစ်တောဦးစီးဌာနမှ အကြီးအကဲများနှင့် မိသားစုဝင်များ၊ မမွှေးမိတ်ဆက် ဆရာတော်ကြီး၏ တပည့်သာဝကများ၊ ရပ်ဝေး/ရပ်နီးမှ မွေမိတ်ဆွေများ၊ ပဲခူးမြို့ မိမြို့ဖမြို့များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးညီအစ်ကို မောင်နှမများအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

**ဒေါ်သင်းသင်းဇင်(ဘ-ခ-ရ)**

**အသက်(၅၅)နှစ်**

တောင်ပုလုကျောက်ဆင်တောရ ဒုလ္လဘစခန်း(သာခုကန်)ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံငြိမ်း(ဘ. ခ. ရ)၏ဇနီး ဒေါ်သင်းသင်းဇင်သည် ၁၆-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဖြစ်မြောက်ရေးအဖွဲ့**
**တောင်ပုလုကျောက်ဆင်တောရဒုလ္လဘစခန်း(သာခုကန်)**
**ရန်ကုန်မြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအုန်းမောင်**

**လက်ပံတန်းမြို့နယ်၊ သာယာကုန်းကျေးရွာ**

**အသက်(၇၇)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးဝင်းကြိုင်(ငြိမ်း)-ဒေါ်ခင်မာညိုတို့၏ဖခင်သည် ၁၉-၁၁-၂၀၁၄ ရက် နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ**
**ကျောင်းဆင်းဘက်သူငယ်ချင်းများ**

---

## တစ်နှစ်ပြည့်အလွမ်း

**ဦးဝင်းထိန်(ခ)ပေါက်စ**

သိပ်ချစ်ပါတယ်ဆိုပြီး မအေးရဲ့ ဘဝထဲကထွက်ခွာသွားခဲ့တာ ၂၄-၁၁-၂၀၁၄ ရက် ဒီနေ့ဆိုရင်တစ်နှစ် ပြည့်ခဲ့ပြီနော်။

မအေးအတွက် ခင်ပွန်းကောင်းတစ်ယောက်အဖြစ် ရင်ထဲမှ အမြဲသတိရနေသလို ကျန်ရစ်သူတွေအတွက် မိတ်ကောင်းဆွေကောင်း အဖြစ်ရင်ထဲမှာ သတိရနေဆဲပါ။

လစဉ်နှင့် ယခုတစ်နှစ်ပြည့်အတွက် ပြုပြုသမျှကောင်းမှုကုသိုလ် အစုစုကို အမျှပေးဝေလျက်ပါ မြင့်မြတ်တဲ့ဘုံဘဝသို့ ရောက်ရှိ စံပျော်သာခုခေါ် ဆိုနိုင်ပါစေ။

**ချစ်ဇနီး-မအေးနှင့် ကျန်ရစ်သူမိသားစု**

---

**မိဘအမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အထက(၅)ရှမ်းတဲ အဌမတန်း(A)Grade 9 မှ မယွန်းဝတီခိုင်၏မိဘအမည်မှန်မှာ ကိုနိုင်လင်း [၁၄/ပသန(နိုင်)၀၀၁၂၅၄]နှင့် မကေသွယ်ခိုင် [၉/မထလ(နိုင်)၀၀၆၆၀၆]ဖြစ်ကြောင်း။

**အိမ်ရောင်းမည်**

စမ်းချောင်း၊ ကြံခင်းလမ်း၊ (၆)လွှာ၊ ပြင်ဆင်ပြီး၊ တိုက်လတ်၊ ရောင်းဈေး ၄၅၀ သိန်း

**ဖုန်း-၀၉-၅၁၀၃၉၉၅၊ ၀၉-၄၂၀၀၆၆၈၈၂၊ ၀၉-၉၇၅၅၇၅၇၆၉**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နန်းစန်းတင်**

**အသက်(၈၀)**

ရဲမှူးကြီးမြင့်အောင်[ညွှန်မှူး(နိုင်ငံတကာ) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့]-ဒေါ်ဝေမာကြည်တို့၏မိခင် ဒေါ်နန်းစန်းတင်သည် ၁၇-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Light of Time Co.,Ltd, M.D နှင့် ဝန်ထမ်းများ**
**United Marine Co.,Ltd, M.D နှင့် ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြင့်မြင့်အောင်**

**အသက်(၆၀)**

**တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

ဦးဇော်ဝေ(ခရမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်အောင်သည် ၁၈-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခ(ဌာနမှူး)၊ ပါမောက္ခ၊**
**တွဲဖက်ပါမောက္ခများနှင့် ဆရာ/ဆရာမများ**
**ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

---

## အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သိန္နီလမ်း၊ တိုက်နံပါတ်-၁၂၊ အခန်း(၅)နေ ကျွန်တော်၊ ကျွန်မတို့၏ ချစ်လှစွာသော ညီ/မောင်လေး၊ ဦးလေး၊ ဘိုးလေး၊ ဆရာပေါလ်(ခ)ပေါလ်အယ်ဒီကင်း၏နောက်ဆုံးပြုအပ်သော ဝတ်ပြုခြင်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ပေးကြသော ကြည့်မြင်တိုင်၊ စမ်းချောင်း ကရင်နှစ်ခြင်းအသင်းတော်၊ သိက္ခာရဆရာကြီးများနှင့် လူငယ်အဖွဲ့၊ သုဒ္ဓေးကုန်းကရင်နှစ်ခြင်းအသင်းတော်မှ သိက္ခာရဆရာကြီးများ၊ အလုံ၊ စမ်းချောင်းကရင်နှစ်ခြင်းအသင်းတော်မှ သိက္ခာရဆရာကြီးများနှင့် အသင်းသူအသင်းသားများ၊ ဦးရေခဲနှစ်ခြင်းအသင်းတော်မှ သိက္ခာရဆရာကြီး၊ ဓမ္မအမှုဆောင်များ၊ အမျိုးသမီးအသင်း၊ H.C.F မှ ဆရာ၊ ဆရာမများ၊ အထက(၂)စမ်းချောင်းမှ မိတ်ဆွေဟောင်းများ၊ Shining Star ကိုယ်ပိုင်မူလတန်းကျောင်းနှင့် မူကြိုကျောင်းမှ ဆရာမများ၊ တစ်ပင်တိုင်သီချင်းသီဆိုပေးသော သူငယ်ချင်း Rowena@ မထိုက် နှင့် စောလှသိန်း၊ ရပ်နီးရပ်ဝေးမှ ငွေအားဖြင့်လည်းကောင်း၊ လူအားဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ Online ဖြင့်လည်းကောင်း၊ ပန်းခြင်းများဖြင့်လည်းကောင်း၊ ဝတ္ထုပစ္စည်းများဖြင့်လည်းကောင်း၊ လာရောက်မေတ္တာပြသကြသော မိတ်ဆွေများအားလုံးကို ကျန်ရစ်သူမိသားစုများမှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတင်ဦး(နတ်တလင်း)**

**အသက် (၉၃)နှစ်**

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

သမ္မတရုံးဝန်ကြီးဌာန(၁)၊ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း-ဒေါ်အမာတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ဦးသည် ၂၂-၁၁-၂၀၁၄ (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုး မိသားစု**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတင်ဦး(နတ်တလင်း)**

**အသက်(၉၃)နှစ်**

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း-ဒေါ်အမာတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ဦးသည် ၂၂-၁၁-၂၀၁၄ (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်နွယ်နီဝင်း မိသားစု**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ဦး**

**အသက်(၉၃)နှစ်**

သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း-ဒေါ်အမာတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ဦးသည် ၂၂-၁၁-၂၀၁၄ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြည် အသက်(၉၀)**

**(ခနောင်တို)**

ဒေါ်ခင်ခင်အေး(ရွှေသရဝဏ်)၊ ဒေါ်စီစီသန်း (ရွှေသရဝဏ်)တို့၏မိခင် ဒေါ်ကြည် အသက်(၉၀) သည် ၂၂-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်ကျော်-ဒေါ်ချိုချိုစန်း**
**ရွှေသရဝဏ် ကုမ္ပဏီလီမိတက်**
**ထူးထူးတိုးအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်**
**ရေပြာအေးကုမ္ပဏီလီမိတက်**
**ရေနန်းသူဇာထရေးဒင်း ကုမ္ပဏီလီမိတက်**

---

စံရာအောင်မြေ
ပဲနွယ်ကုန်းမဟာစည်ရိပ်သာ

**နာယကကြီးဦးလှမြင့်**

**အသက် (၇၆)နှစ်**

**အောင်တံခွန်စတိုး**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၆)ရပ်ကွက်၊ ခါတော်မှီလမ်း၊ အမှတ်(၆၃၂)နေ ဒေါ်ခင်မာရီ၏ခင်ပွန်း၊ စံရာအောင်မြေ ပဲနွယ်ကုန်းမဟာစည်ရိပ်သာနာယကကြီး ဦးလှမြင့်သည် ၂၂-၁၁-၂၀၁၄(စနေနေ့) ည ၁၁နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရိပ်သာမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

စံရာအောင်မြေ
ပဲနွယ်ကုန်းမဟာစည်ရိပ်သာ
ဝေယျာဝစ္စအကျိုးတော်ဆောင်အဖွဲ့

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

**ဦးကျော်လှ**

**အသက်(၇၀)**

**အသင်းဝင်အမှတ်-၅၁၁**

